မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၂၆ ရက်၊ စနေနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၃၄)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို စံချိန်စံညွှန်း အရည်အသွေးမှန်ကန်ပြီး ကုန်ကျစရိတ်သက်သာအောင်ထုတ်လုပ် ပြည်ပက ဈေးကွက်ဝင်ပစ္စည်းများနှင့် အရည်အသွေးရောဈေးနှုန်းပါ ယှဉ်ပြိုင်နိုင်အောင်ကြိုးပမ်း ရရှိထားပြီး ပြည်ပဈေးကွက်ကို ခိုင်မာအောင် ထိန်းသိမ်းထားပြီး ဈေးကွက်သစ်များရှာဖွေချဲ့ထွင်

နေပြည်တော် မေ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ စုံညီအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌများ၊

ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အသင်းချုပ်ဗဟိုအလုပ်အမှုဆောင်များ၊ အသင်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နိုင်ရန် ယနေ့ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေကြရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရန်မှာ အဓိကလိုအပ်ချက်ဖြစ်သကဲ့သို့ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကစီးပွားရေးကဏ္ဍသည် အဓိကနေရာမှ ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဖွဲ့စည်းတည်ထောင်

ထိုသို့ အရေးပါသော ပုဂ္ဂလိကစီးပွားရေးကဏ္ဍနှင့်အတူ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍအသီးသီး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ကမ္ဘာ့အဆင့်မီ ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာနိုင်ငံရှိ ကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် အခြားစီးပွားရေးလုပ်ငန်းရှင်များကို ဦးဆောင်စည်းရုံး ထိန်းကျောင်းပေးနိုင်မည့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍတွင် အမြင့်ဆုံး အဖွဲ့အစည်းတစ်ခုအနေဖြင့် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)"ကို ဖွဲ့စည်းတည်ထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း။

၎င်းကုန်သည်/စက်မှုအသင်းချုပ်သည် အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) တစ်ခုအနေဖြင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို ဦးဆောင်ဦးရွက်ပြုပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ဖော်ဆောင်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

ကုန်သည်/စက်မှုအသင်းချုပ်သည် နှစ်ပေါင်း ၉၀ ကျော် ရှည်လျားသောသမိုင်းကြောင်းကို အောင်မြင်စွာ ဖြတ်ကျော်လာနိုင်ခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် UMCCI အသင်းအဖြစ်မှ UMFCCI အသင်းချုပ်အဖြစ် အဆင့်မြင့်ပြီး ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ပြီးခဲ့သည့် ၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း ကုန်သည်/စက်မှုအသင်းချုပ်၏ အသင်းသား စည်းရုံးဆောင်ရွက်နိုင်မှုအခြေအနေကို ကြည့်လျှင် အသင်းသားပေါင်း ၂၅၀၀ ကျော်ကို တိုးတက်လာအောင် စည်းရုံးနိုင်ခဲ့သည့်အတွက် *စာမျက်နှာ ၈ ကော်လံ ၁* ◆

အမှာစကား ပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၂၁)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ သတင်း အညွှန်း

ကမ္ဘာ့အကောင်းဆုံးလေဆိပ် တောင်ကိုရီးယားမှ အင်ချွမ်လေဆိပ် ရွေးချယ်ခံရ စာ-၄

ဘီစီ ၁၁၀၀ ခန့်က ရွှေနားဆွဲတစ်ရန် အစ္စရေးနိုင်ငံအတွင်းတွေ့ရှိ စာ ၅





ယခုနှစ်မုန်တိုင်းရာသီအတွင်း မုန်တိုင်းများ (၁၅)ကြိမ်အထိ ဖြစ်ပေါ်နိုင် စာ-၅

ဒေးဗစ်ဘက်ခမ်းအား အက်ဖ်အေဆုချီးမြှင့်မည် စာ-၅

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မေ ၂၆ ရက်)

ဝင်ငွေနှင့် ထွက်ငွေ

အလုပ်လုပ်နေသောသူမှန်သမျှ ဝင်ငွေရှိသည်။ ဝင်ငွေနည်းခြင်း၊ များခြင်းသာ ကွာ၏။ ဝင်ငွေနည်းသူသည် ထွက်ငွေလည်းနည်းရမည်။ ဝင်ငွေနည်းပြီး ထွက်ငွေများနေလျှင်မကောင်း။ ထွက်ငွေများနေလျှင် လစဉ်လိုငွေပြနေမည်။ ထိုလိုငွေကို ဖြည့်ဆည်းပေးနိုင်ရန် ထွက်ငွေလျှော့ချပြီး ကြိုတင်စုဆောင်းမှသာလျှင် ရနိုင်ပေလိမ့်မည်။ ထို့ကြောင့် လူတိုင်းသည် ငွေစုဆောင်းသင့်ပေသည်။

တစ်ဦးတစ်ယောက်တည်းနေသည်ဖြစ်စေ၊ မိသားစုနှင့်နေသည်ဖြစ်စေ ဝင်ငွေနှင့်ထွက်ငွေမျှရန် အရေးကြီးသည်။ ဝင်ငွေကို စနစ်တကျစီမံခန့်ခွဲသုံးစွဲမှသာ ထွက်ငွေကို ထိန်းချုပ်နိုင်ပေလိမ့်မည်။ ဝင်ငွေ၊ ထွက်ငွေကို တွက်ချက်ပြီး စနစ်တကျသုံးစွဲခြင်းသည် အကောင်းဆုံးဖြစ်သည်။ ရသုံးခန့်မှန်းခြေဆိုသည့် ဘတ်ဂျက်သည် နိုင်ငံတစ်နိုင်ငံလုံးအတွက်သာမဟုတ်ဘဲ လူတစ်ဦးချင်းစီမှာလည်း ရှိဖို့လိုသည်။ စနစ်တကျကောင်းမွန်သော ဘတ်ဂျက်တစ်ခုသည် ငွေစုနိုင်ရုံမက ဘဝတစ်လျှောက်လုံး အဆင်ပြေသွားနိုင်သည်။ ထို့ကြောင့် မိမိဝင်ငွေကို ထိန်းချုပ်နိုင်သော အကောင်းဆုံးနည်းလမ်းသည် ငွေစုဆောင်းခြင်းသာဖြစ်သည်။

ငွေစုဆောင်းခြင်းသည် ခက်ခဲနက်နဲသော အလုပ်မဟုတ်ဟု ဆိုနိုင်ပါသည်။ သို့သော် မစုတတ်လျှင် ငွေစုဆောင်းနိုင်လိမ့်မည်မဟုတ်ပေ။ ငွေစုသည်ဆိုရာ၌ လခစားများငွေစုဆောင်းခြင်းနှင့် နေ့စားအလုပ်သမားများ ငွေစုခြင်းမတူ။ လခစားများသည် လကုန်မှ ငွေရ၏။ နေ့စားများမှာ နေ့စဉ်အလုပ်လုပ်၍ နေ့စဉ်ဝင်ငွေရ၏။ လခစားများသည် လကုန်လစာထုတ်သည်နှင့် လစာ၏ ၁၀ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်းစသည်ဖြင့် တစ်ခါတည်း ဘဏ်ထဲသို့ထည့်ပြီး စုဆောင်းသင့်သည်။ သို့မှသာ စုမိမည်။ ကျန်သောငွေဖြင့် တစ်လလုံး ခြိုးခြံချွေတာသုံးစွဲမည်။ အစားလျှော့၊ အသွားလျှော့၊ အဝတ်လျှော့၊ အသုံးလျှော့မည်ဆိုလျှင် သေချာပေါက် ကျန်သည့်ငွေဖြင့် လည်ပတ်သွားနိုင်ပေလိမ့်မည်။ လကုန်ပြီးကျန်သည့်ငွေမှ စုမည်ဆိုလို့ကတော့ စုမိဖို့လမ်းမမြင်။ လူဆိုသည်မှာ အမြဲတမ်းငွေလိုနေတတ်သည်။ လိုအပ်ချက်တွေကိုသာ လိုက်ဖြည့်နေသမျှကာလပတ်လုံး ငွေစုမိလိမ့်မည် မဟုတ်ပေ။

အလားတူ လက်လုပ်လက်စားများ ငွေစုဆောင်းနည်းကား လခစားများနှင့်မတူပေ။ သူက တစ်နေ့ချင်းစုသွားရသည့်အလုပ်ဖြစ်သည်။ ဥပမာ- တစ်နေ့ကျပ် ၃၀၀၀ ဝင်ငွေရသောအလုပ်သမားတစ်ဦးသည် ကျပ် ၂၀၀၀ သာ သုံးသင့်သည်။ ကျန် ကျပ် ၁၀၀၀ ကို စုဘူးဖြင့် နေ့စဉ်စုဆောင်းသွားသင့်သည်။ လကြာလာသည့်အခါ စုဘူးဖောက်ပြီး ဘဏ်သို့သွင်းထားရပေမည်။ ဘဏ်ထဲကို ထည့်မှသာလျှင် လုံခြုံစိတ်ချမှုရှိမည့်အပြင် လစဉ်အတိုးရသဖြင့် အထုပ်သည် တဖြည်းဖြည်းကြီးထွားလာပေမည်။ စုဖြစ်အောင်စုဖို့သာလိုသည်။

တချို့ ပြောသံများကြားရသေးသည်။ "ကျွန်မတို့တော့ သုံးသောင်းမတိုးခင်ကလည်း ဒီလိုပဲ၊ တိုးတော့လည်းဒီလိုပါပဲ၊ မထူးပါဘူး၊ လကုန်တော့လည်းကုန်တာပဲ၊ ပိုတယ်လျှံတယ်ဆိုတာမရှိပါဘူး" ဟူ၍ ပြောဆိုသံများကြားရသည်။ မှန်ပါသည်။ ဤသို့ ဖြစ်ရခြင်းသည် ငွေစုဆောင်းသည့် အလေ့အထမရှိခြင်းနှင့် ဝင်ငွေ၊ ထွက်ငွေမျှတအောင် ထိန်းချုပ်စီမံနိုင်မှုအားနည်းခြင်းကြောင့်ပင် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ငွေကို စုဖြစ်အောင်စုပါလို့ တိုက်တွန်းချင်ပါသည်။

လူတိုင်းသည် ငွေကိုလိုနေကြပါသည်။ ငွေမလိုသူမရှိကြပါ။ ကျန်းမာရေးအတွက်လိုသည်။ ပညာရေးအတွက်လိုသည်။ လူမှုရေးအတွက်လိုသည်။ ထိုလိုသည့်ငွေများ အလွယ်တကူရယူနိုင်သည့်နေရာမှာ စုဆောင်းငွေရှိမှသာ ဖြစ်မည်။ သို့ဖြစ်၍ လူတိုင်းလူတိုင်း ဝင်ငွေ၊ ထွက်ငွေမျှတအောင်သုံးစွဲရင်း ငွေကိုစုဖြစ်အောင်စုကြပါရန် အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။

ဂျပန်နိုင်ငံအခြေစိုက် Mitsui & Co.,Ltd. မှ ကိုယ်စားလှယ်အဖွဲ့

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား တွေ့ဆုံ

နေပြည်တော် မေ ၂၅

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ဂျပန်နိုင်ငံအခြေစိုက် **Mitsui & Co.,Ltd.** မှ **Executive Chief Representative, Myanmar Mr. Masanari Nagai** ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ဂျပန်နိုင်ငံအခြေစိုက် Mitsui & Co.,Ltd. မှ Executive Chief Representative, Myanmar Mr. Masanari Nagai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် Mitsui သည် ကုမ္ပဏီအုပ်စုဖြစ်ကြောင်း၊ ၎င်းတို့တွင် သင်္ဘောကုမ္ပဏီများ၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများ ပါဝင်ပါကြောင်း၊ ၎င်းသည် ၁၉၉၅ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ရန်ကုန်မြို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခဲ့ကြောင်း၊ ထိုလုပ်ငန်းများတွင် မင်္ဂလာဒုံ Industrial Estate၊ Hotel Nikko၊ Fuji အဝတ်လျှော်ဆပ်ပြာမှုန့် စသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ လာမည့်ဇွန်လအတွင်း Mitsui ကုမ္ပဏီရုံးတစ်ခု နေပြည်တော်တွင် ဖွင့်လှစ်သွားရန်ရှိကြောင်း၊ နိုင်ငံတော်သမ္မတ၏ ဂျပန်နိုင်ငံခရီးစဉ်တွင် ၎င်းတို့၏ ကုမ္ပဏီ ဥက္ကဋ္ဌကလည်း မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အသစ်များ ပြုလုပ်ရန် တင်ပြခဲ့ကြောင်း၊ ထိုသို့ရင်းနှီးမြှုပ်နှံရန် မြန်မာနိုင်ငံသို့ ကိုယ်စားလှယ်အဖွဲ့များ စေလွှတ်၍လေ့လာစေခဲ့ကြောင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် စိတ်အားထက်သန်ကြောင်း၊ ဂျပန်နိုင်ငံ နာရီတာလေဆိပ်မှ ရန်ကုန်လေဆိပ်သို့ လေကြောင်းကုန်စည်များ တင်ပို့သွားလိုကြောင်း၊ စင်ကာပူနိုင်ငံအခြေစိုက် သင်္ဘောကုမ္ပဏီတစ်ခုလည်း ရှိကြောင်း၊ ပင်လယ်ထွက်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်မှု ပြုလုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ အတွေ့အကြုံရှိ ကျွမ်းကျင်သော သင်္ဘောသားများရှိသည်ကို သိရကြောင်း၊ ၎င်းတို့၏ သင်္ဘောလိုင်းများအတွက် မြန်မာသင်္ဘောသားများ ခန့်ထားလိုပါကြောင်း၊ ရေကြောင်းပညာသည်များ မွေးထုတ်ပေးနိုင်ရန်ကိုလည်း ပူးတွဲဆောင်ရွက်နိုင်ပါကြောင်း၊ ၎င်းတို့တွင် ဥရောပနှင့် လက်တင်အမေရိကတို့၌ Aircraft Leasing ကုမ္ပဏီများလည်း ရှိပါကြောင်းဖြင့် ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးရာတွင် မကြာမီ ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံ တိုက်ရိုက်လေကြောင်း ခရီးစဉ်များ ပြေးဆွဲမည်ဖြစ်၍ လေကြောင်းကုန်စည် ပို့ဆောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ သင်္ဘောတည်ဆောက်ရေးနှင့် ဆိပ်ကမ်းဖွံ့ဖြိုးမှု လုပ်ငန်းများ ပြုလုပ်နိုင်ကြောင်း၊ မြန်မာနိုင်ငံ၌ ဖွံ့ဖြိုးတိုးတက်မှု အလားအလာများစွာရှိကြောင်း၊ National Flag Carrier သင်္ဘောလိုင်း မရှိသေး၍ ဖက်စပ်လုပ်နိုင်ကြောင်း၊ တည်ဆောက်ဆဲ ထားဝယ်၊ ကျောက်ဖြူနှင့် သီလဝါ အထူးစီးပွားရေးဇုန်များ၌ ရင်းနှီးမြှုပ်နှံနိုင်ကြောင်း၊ ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၅-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅	နမော…နမော (သန်းမြတ်စိုးနှင့်အဖွဲ့၊ တေးရေး-မောင်မောင်လတ်)
၇:၂၅	ကျန်းမာဖို့အတူကစားစို့
၇:၃၀	နံနက်ခင်းသတင်း

နေ့လယ်ပိုင်း

၁၁:၅၀	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၄:၁၀	**ရှင်နှောင်းကျောင်းရောက်ပြီ**

ညပိုင်း

၄:၃၅	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၆:၀၀	ညနေခင်းသတင်း
၆:၁၅	မိုးလေဝသအခြေအနေ
၆:၂၀	**ရုပ်မြင်ပြဇာတ်အစီအစဉ်**
၈:၀၀	ပြည်တွင်းသတင်း
	- နိုင်ငံတကာသတင်းများ
	- မိုးလေဝသအခြေအနေ

ဒုတိယအကြိမ် လျှပ်စစ်ကြိုးသွယ်တန်းမှု ပြိုင်ပွဲကျင်းပမည်

မြန်မာနိုင်ငံမှလုပ်သားများ အတတ်ပညာများ ပိုမိုတိုးတက်၍ အရည်အသွေးမြင့်မားပြီး အလုပ်အကိုင်ရရှိစေရန် ရည်ရွယ်၍ အလုပ်သမားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့က ကြီးကြပ်၍ သုခစုံသင်တန်းကျောင်းက ကြီးမှူးကျင်းပမည့် ဒုတိယအကြိမ် လျှပ်စစ်ကြိုးသွယ်တန်းမှုပြိုင်ပွဲကို ဇူလိုင် ၂၈ ရက် (စနေနေ့) နံနက် ၉ နာရီတွင် လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်းရှိ သုခစုံသင်တန်းကျောင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲသို့ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ဆုရရှိပါက ပထမဆု ငွေကျပ်သုံးသိန်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်းခွဲနှင့် တတိယဆု ငွေကျပ်ရှစ်သောင်း ချီးမြှင့်မည်ဖြစ်သည်။

"သင်တန်းကျောင်းကို လုပ်ငန်းလိုအပ်ချက်အရ ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် ပြည်ပမှပညာရှင်များကို ခေါ်ယူသင်ကြားပေးလျက်ရှိပါတယ်။ သင်တန်းကျောင်းတွင် Welder/Pipe Fitter/Steel Fitter/Electrical /Mechanical/ Painter သင်တန်းများကို အခမဲ့သင်ကြားပေးနေပြီး ပြည်ပနိုင်ငံများမှာ ပညာသင်ဆုရရှိအောင်လည်း ကြိုတင်လေ့ကျင့်သင်ကြားပေးနေပါတယ်။ ဒီသင်တန်းက အောင်သွားတဲ့ လုပ်သားတွေကို ပြည်ပက လုပ်ငန်းရှင်တွေကိုယ်တိုင် စာတွေ့လက်တွေ့ မေးမြန်းရွေးချယ်ပြီး လာရောက်ခေါ်ယူကြပါတယ်။ ဒီအခါမျိုးမှာ လုပ်သားနဲ့ အလုပ်အကိုင် အဆင်ပြေ/မပြေ၊ သင့်/မသင့်၊ လွှတ်သင့်/မလွှတ်သင့် စဉ်းစားပြီး မိမိကိုယ်တိုင် အရင်သွားရောက်လေ့လာခဲ့ပါတယ်"ဟု သင်တန်းကျောင်းဥက္ကဋ္ဌ ဦးချမ်းသာထံမှ သိရှိရသည်။ **(ရီရီမြင့်+ဥမ္မာသန့်-သတင်းစဉ်)**

ဗဟိုသန်းခေါင်စာရင်းကော်မတီ (၂/၂၀၁၂)စည်းဝေး

ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း တက်ရောက်မှာကြား

နေပြည်တော် မေ ၂၅

ဗဟိုသန်းခေါင်စာရင်း ကော်မတီ (၂/၂၀၁၂)လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ဗဟိုသန်းခေါင်စာရင်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ကုလသမဂ္ဂနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အကြား ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် အကူအညီပေးရေး စာချွန်လွှာလက်မှတ်ရေးထိုးဆောင်ရွက်ခဲ့မှု၊ ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)တို့ ပူးပေါင်း၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစီမံချက်အရ ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု သန်းခေါင်စာရင်း ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်မည့် အစီအစဉ်များ၊ ဌာနဆိုင်ရာများမှ ဝိုင်းဝန်းပံ့ပိုး ကူညီဆောင်ရွက်ပေးနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

ဗဟိုသန်းခေါင်စာရင်းကော်မတီ (၂/၂၀၁၂) လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်က ဗဟိုသန်းခေါင်စာရင်းကော်မရှင်တွင် ပါဝင်သည့်ဝန်ကြီးဌာနများမှလုပ်ငန်းဆိုင်ရာ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များ၊ လုပ်ငန်းများအောင်မြင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မတီဝင်များက သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းလိုအပ်ချက်များ၊ ဌာနအလိုက် ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

ထို့နောက် ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်ကို လုပ်ငန်းစီမံချက်အတိုင်း အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာအုပ်
စာပေ
လူ့မိတ်ဆွေ

ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး တက်ညီလက်ညီကြိုးပမ်း နိုင်ငံတကာအဆင့်မီ စီးပွားရေးဖြစ်ထွန်းလာတော့မည်ဖြစ်၍ လုပ်ငန်းများမြှင့်တင်လုပ်ကိုင်

အမှာစကားပြောကြား

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဘဏ်များ ကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၃၉)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၅

ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၃၉)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာ၌ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံတွင် ပြုပြင်ပြောင်းလဲရေးကိစ္စများကို အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ မိမိတို့၏ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးကိစ္စများကိုလည်း တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီနှစ်များတွင် AFTA အစီအစဉ်အရ နိုင်ငံတကာအဆင့်မီ စီးပွားရေးနှင့် ဘဏ္ဍာရေးကျင့်စဉ်များ ဖြစ်ထွန်းလာတော့မည်ဖြစ်၍ လုပ်ငန်းများမြှင့်တင်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းဘဏ်များနှင့် ပြည်ပဘဏ်များ ဖက်စပ်ပူးပေါင်း၍ ပြည်တွင်း/ပြည်ပ ဘဏ်လုပ်ငန်းတိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် (Joint Venture) လုပ်ငန်းများအား ဆောင်ရွက်ခွင့်ပြုနိုင်ရေး စီစဉ်လျက်ရှိကြောင်း။

ပုဂ္ဂလိကဘဏ်များသည် နိုင်ငံတကာငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရမည့် အနေအထားများ ရရှိလာမည်ဖြစ်၍ အရည်အချင်းမြင့်မားသော မျိုးဆက်သစ်များ မွေးမြူလေ့ကျင့်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် (Human Resources) ဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ် စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် လုပ်ငန်းပိုင်းတွင် နည်းပညာစွမ်းရည် (Technical Capacity)၊ အုပ်ချုပ်ရေးစွမ်းရည်(Managerial Capacity) စသည့်အားနည်းချက်များ ရှိနေသောကြောင့် နိုင်ငံတကာ ငွေရေးကြေးရေးအဖွဲ့အစည်းများကို ယှဉ်ပြိုင်နိုင်ရန် လုပ်ရင်းကိုင်ရင်း စွမ်းရည်ပြည့်ဝစေခြင်းဖြင့် လုပ်ငန်းဆောင်ရွက်မှုများမှတစ်ဆင့် စဉ်ဆက်မပြတ် သင်ယူလေ့လာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကဘဏ်များအနေဖြင့် မိမိတို့၏ အရင်းအမြစ်များ၊ စွမ်းဆောင်နိုင်မှုများကို နည်းမှန်လမ်းမှန် အသုံးချပြီး နိုင်ငံတော်နှင့် ပြည်သူများအားလုံးလိုလားနေသော ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် Financial Reforms and Modernization ကိစ္စများကိုမလိုအပ်ဘဲနှောင့်နှေးကြန့်ကြာမှုမရှိအောင် အားလုံးကြိုးစားပြီး ညီနိုင်းတိုင်ပင် ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းတို့က ဘဏ်လုပ်ငန်းဆိုင်ရာများ ပြုပြင်ပြောင်းလဲ လုပ်ဆောင်ရန် လိုအပ်သည့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရေး ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘဏ်များအသင်းမှ အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ နိုင်ငံတော်ဘဏ်များမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပုဂ္ဂလိက ဘဏ်များမှ ဥက္ကဋ္ဌများနှင့် အုပ်ချုပ်မှု ဒါရိုက်တာများက ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်းရုပ်ရှင်အမြည်း ယခုတစ်ပတ်ရုပ်ရှင်ဇာတ်ကားသစ်များ ရုံမဝင် ရန်ကုန်မြို့လယ်ရုံ၌ ကားဟောင်းများဆက်လက်ရုံတင်ပြသ

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် မေ ၂၅

ယခုတစ်ပတ်သောကြာ မေ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့လယ်ရုံများတွင် ရုပ်ရှင်ကားသစ်များမဝင်ဘဲ ယခင်အပတ်ကပြသခဲ့သည့် ဇာတ်ကားများ ဆက်လက်ပြသလျက်ရှိသည်။

ရန်ကုန်မြို့လယ် သမ္မတ၊ သွင်နှင့် မင်္ဂလာ(၁)သိမ်ကြီးဈေး ရုပ်ရှင်ရုံများတွင် ဒါရိုက်တာ ညဏ်တင်စိုးရိုက်ကူးပြီး အကယ်ဒမီ လူမင်း၊ အကယ်ဒမီ ပြေတီဦး၊ ကျော်ကျော်ဗို၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်နှင့် မိုးဟေကိုတို့ ခေါင်းဆောင် ပါဝင်ထားကြသည့် **'ငါမင်းကို'** ဇာတ်ကားပြသလျက်ရှိပြီး နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများအဖြစ် မင်္ဂလာ(၂)၊ ဒဂုံစင်တာ(၂)မြေနီကုန်း ရုပ်ရှင်ရုံတွင် **Flying Swords of Dragon Gate(3D)**ဇာတ်ကားကိုလည်းကောင်း၊ ရွှေ့ဆောင်ရုပ်ရှင်ရုံတွင် Battleship ဇာတ်ကားကိုလည်းကောင်း၊ နေပြည်တော် ရုပ်ရှင်ရုံတွင် Wrath of The Titans ဇာတ်ကားကို လည်းကောင်း အောင်ပွဲခံ ပြသလျက်ရှိပါကြောင်း ရုပ်ရှင်သတင်းအမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

ငွေပဒေသာပင်၊ ပရိဘောဂနှင့် စာအုပ်စာစောင်များလှူဒါန်း

တပ်ကုန်း မေ ၂၅

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် လက်ပန်အုပ်စု လက်ပန်ကျေးရွာအလင်းရောင် စာကြည့်တိုက်အတွက် ငွေပဒေသာပင်၊ ပရိဘောဂနှင့် စာအုပ် စာစောင် ပေးအပ်လှူဒါန်းပွဲကို မေ ၂၀ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင့်တင့်ခိုင်က စာအုပ်စာစောင် ၁၀၂ အုပ်၊ ရန်ကင်းမြို့နေ ဦးတင်မျိုးလွင် မိသားစုက ဗီရိုနှစ်လုံး၊ အင်းစိန်မြို့နေ ဦးအောင်နိုင်ထွေး မိသားစုက ငွေကျပ် သုံးသောင်းနှင့် စာအုပ်စာစောင် ၄၀၂ အုပ်၊ တပ်ကုန်းမြို့နေ ဦးစိန်မိုးမိသားစုက ငွေကျပ် သုံးသောင်းနှင့် စေတနာရှင်တစ်ဦးက ငွေကျပ်သုံးသောင်းတို့ကို လှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဝင် ဦးခင်လှိုင်က လက်ခံခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဒုတိယဝန်ကြီး ဦးခင်မောင်အေးအား TICA မှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၂၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးအား ထိုင်းနိုင်ငံအပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Thai International Development Cooperation Agency, TICA) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Ms. Suchada Thaibunthao ဦးဆောင်သောအဖွဲ့သည် မေ ၂၃ ရက် နံနက် ၉ နာရီခွဲတွင် အဆိုပါ ဝန်ကြီးရုံး၌လာရောက်တွေ့ဆုံပြီး အသားကဏ္ဍနှင့် ရေလုပ်ငန်းကဏ္ဍဆိုင်ရာ စီမံကိန်းများ ရေးဆွဲအကောင်အထည် ဖော်နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် ကိစ္စများကို ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် TICA အဖွဲ့မှ လက်ရှိအခြေအနေတွင် မိမိတို့ အေဂျင်စီအနေဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အသားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းသုံးခု ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလားတူ ရေလုပ်ငန်းကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးရေး စီမံကိန်းများကို ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အသားကဏ္ဍအပိုင်းတွင် နို့စားနွားမွေးမြူမှု ဖွံ့ဖြိုးရေးနှင့် ရေလုပ်ငန်းကဏ္ဍအပိုင်းတွင် ရေလုပ်သားများအား သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးမှုဆိုင်ရာ အစီအမံ အဆင့်မြှင့်တင်နိုင်ရေးလုပ်ငန်းတို့၌ တိုးချဲ့ပူးပေါင်းဆောင်ရွက်သွားလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ပညာရေးမှူးရုံးက ကြီးမှူးကျင်းပသော ကလေးဗဟိုပြုချဉ်းကပ်သင်ယူမှုသင်တန်းဆင်းပွဲကို မေ ၂၂ ရက်က အထက ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးခင်မောင် သင်တန်းဆင်းအမှာစကား ပြောကြားစဉ်။ (ပညာရေး)

ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သောမိုးရာသီတွင် ငါးဖမ်းခြင်းမပြုရန် ပညာပေးနှိုးဆော်ချက်

"ငါးရစ်ငါးသန် ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း"
"ငါးရစ်တစ်ကောင် သုံးလရှောင်၊ ထောင်သောင်းတိုးပွား ရေရှည်စား"

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း အင်းအိုင်အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝနေသော ငါးထီးကြီးများသည် ဥချရန်နေရာရှာ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်များသည် သေကျေပျက်စီးကာ ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးနှင့် တစ်နိုင်ငံလုံး ငါးရိက္ခာဖူလုံစွာ စားသုံးနိုင်ရေးကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၅ အရ ဖမ်းဆီးတရားစွဲဆိုအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့်ငါးသားပေါက်သော မိုးရာသီအချိန်များတွင် ငါးရစ်ငါးများ လွတ်လပ်စွာ ဥချသားပေါက်နိုင်ရေးနှင့် နုနယ်လှသည့် ငါးသားပေါက်များ ဆက်လက်ရှင်သန်ကြီးထွားနိုင်ရေးအတွက် ငါးရစ်ငါးများနှင့် ငါးသားပေါက်များကို ဖမ်းဆီးခြင်းမပြု ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

အိန္ဒိယရေပိုင်နက်အတွင်း တရားမဝင်ဝင်ရောက်ခြင်းအတွက် ပြစ်ဒဏ်များတိုးမြှင့်သတ်မှတ် မြန်မာရေလုပ်သားများ အထူးသတိပြုရှောင်ကြဉ်ရန်လို

ရန်ကုန် မေ ၂၅

အိန္ဒိယနိုင်ငံ ရေပိုင်နက်အတွင်း တရားမဝင်ဝင်ရောက်ခြင်းအတွက် ကျခံရမည့်ပြစ်ဒဏ်ကို ယခင်ကထက်ပိုမိုတိုးမြှင့်လိုက်သဖြင့် မြန်မာရေလုပ်သားများ အထူးသတိပြုရှောင်ကြဉ်ရန်လိုကြောင်း သိရှိရသည်။

ယခင်က အိန္ဒိယရေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်လာသည့် ရေလုပ်သားများအား လှေသားရေလုပ်သားထောင်ဒဏ်ခြောက်လနှင့် လှေသူကြီး ထောင်ဒဏ်ခြောက်လမှ ၁၂ လအထိ ပြစ်ဒဏ်ချမှတ်ခဲ့သည်။

သို့ရာတွင် အိန္ဒိယနိုင်ငံ၏ ၁၉၄၆ ခုနှစ် နိုင်ငံခြားသားဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် The Foreigners (Amendment)Act,2004 အရ အိန္ဒိယနိုင်ငံအတွင်း တားမြစ်ထားသည့် နယ်မြေအတွင်းသို့ ကျူးကျော်ဝင်ရောက်ခြင်း စသည့် ပြစ်မှုကျူးလွန်ချိုးဖောက်မှုများအတွက် အနည်းဆုံးထောင်ဒဏ်နှစ်နှစ်မှ ရှစ်နှစ်အထိ ကျခံရမည့်အပြင် ငွေဒဏ်အိန္ဒိယရူပီး ၁၀၀၀၀ ထက်မနည်း ပေးဆောင်ရမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ မြန်မာနိုင်ငံသံရုံးမှ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သို့ အကြောင်းကြားစာမိတ္တူပေးပို့ အကြောင်းကြားခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် မြန်မာ-အိန္ဒိယနယ်စပ် နယ်ဘက်အာဏာပိုင်များ၏ (၁၇)ကြိမ်မြောက် နိုင်ငံတော်အဆင့်အစည်းအဝေးတွင် အိန္ဒိယနိုင်ငံကိုယ်စားလှယ်အဖွဲ့မှ အိန္ဒိယနိုင်ငံတွင် သဘာဝတောရိုင်းတိရစ္ဆာန်များကာကွယ်ရေး အက်ဥပဒေအရ ပင်လယ်မျှော့ (Sea Cucumber) များအား ဖမ်းဆီးခြင်းကို တားမြစ်ပိတ်ပင်ထားကြောင်းနှင့် ဖမ်းဆီးမှုအားတွေ့ရှိပါက အိန္ဒိယနိုင်ငံ၏ဥပဒေအရ ပြင်းထန်သည့် ပြစ်ဒဏ်ပေးခြင်းခံရမည်ဖြစ်ကြောင်းကို မြန်မာရေလုပ်သားများအား အသိပေးစေလိုကြောင်း၊ အိန္ဒိယနိုင်ငံကိုယ်စားလှယ်အဖွဲ့က အကြံပြုပြောကြားကြောင်းဖြင့် အစည်းအဝေး သဘောတူညီမှုမှတ်တမ်းကောက်နုတ်ချက်ကို ရည်ညွှန်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သို့ အကြောင်းကြားလာကြောင်း သိရှိရသည်။

မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့မှာ ရေပိုင်နက်ချင်းထိစပ်လျက်ရှိရာ သိလျက်နှင့်ဖြစ်စေ၊ သတိမပြုမိဘဲဖြစ်စေ အိန္ဒိယရေပြင်ပိုင်နက်အတွင်း ရောက်ရှိလာသော မြန်မာငါးဖမ်းလှေများနှင့် ရေလုပ်သားများသည် အထက်ပါတိုးမြှင့်သတ်မှတ်ထားသော ပြစ်ဒဏ်ကို ကျခံရမည့်အပြင် ပင်လယ်မျှော့ဖမ်းဆီးမှုပြုလုပ်ပါကလည်း အိန္ဒိယနိုင်ငံ၏သဘာဝတောရိုင်းတိရစ္ဆာန်များ ကာကွယ်ရေးအက်ဥပဒေအရပါ ပြစ်ဒဏ်နှစ်ခုကို တစ်ပေါင်းတည်းကျခံရမည်ဖြစ်ရာ ဖမ်းဆီးခံရသည့် ရေလုပ်သားများအတွက်ပြစ်ဒဏ်မှာ ကြီးမားသည့်အပြင် ကျန်ရစ်သူမိသားစုများလည်း စားဝတ်နေရေးမှအစ ဆင်းရဲဒုက္ခရောက်နိုင်သဖြင့် မြန်မာရေလုပ်သားများ အထူးပြုရှောင်ကြဉ်ရန်လိုကြောင်းဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောကြားသည်။

ထို့အပြင် အိန္ဒိယနိုင်ငံ ပို့ဘလဲအကျဉ်းထောင်၌ ထောင်ဒဏ်ကျခံနေရသူ မြန်မာနိုင်ငံသား ၉၀၀ ကျော်ရှိပြီး အများစုမှာရေလုပ်သားများဖြစ်သဖြင့် ပြစ်ဒဏ်မှ လျှော့ပေါ့ရေး၊ လွတ်ငြိမ်းချမ်းသာခွင့်ပြုရေးတို့အတွက် သက်ဆိုင်ရာသို့ တင်ပြ မေတ္တာရပ်ခံသွားမည်ဖြစ်ကြောင်းဖြင့် ၎င်းကပြောကြားခဲ့သည်။ **(ညွှန့်သန်း)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

နောက်ဆုံးရ နိုင်ငံတကာသတင်း

ကမ္ဘာ့အကောင်းဆုံးလေဆိပ် တောင်ကိုရီးယားမှ အင်ချွမ်လေဆိပ်ရွေးချယ်ခံရ

ဆိုးလ် မေ ၂၅

စင်ကာပူနိုင်ငံတွင် ကျင်းပလျက်ရှိသော နိုင်ငံတကာလေဆိပ်များကောင်စီ(အေစီအိုင်)က တောင်ကိုရီးယားနိုင်ငံ အင်ချွမ်လေဆိပ်ကို ၂၀၁၁ ခုနှစ်အတွက် အကောင်းဆုံးလေဆိပ်အဖြစ် ရွေးချယ်လိုက်ကြောင်း မေ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံတကာရှိလေဆိပ်များအားလုံးကို လေ့လာသုတေသနပြုစစ်တမ်းကောက်ယူခဲ့ရာတွင် အင်ချွမ်လေဆိပ် (ဝဲပုံ)သည် သန့်ရှင်းမှု၊ ခေတ်မီမှု၊ ဝန်ဆောင်မှုနှင့် လေယာဉ်ခရီးစဉ်များ ဝင်ထွက်ရာတွင်အဆင်ပြေမှုများကြောင့် အကောင်းဆုံး လေဆိပ်အဖြစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာမှ လေယာဉ်စီးခရီးသည်ပေါင်း ၃၅၀၀၀၀ တို့အား တွေ့ဆုံမေးမြန်းစစ်တမ်းကောက်ယူရာမှာ တစ်ကမ္ဘာလုံးတွင် တောင်ကိုရီးယားနိုင်ငံ အင်ချွမ်လေဆိပ်သည် အကောင်းဆုံးဖြစ်ကြောင်း ပြောကြားခဲ့ကြသည်။

အင်ချွမ်လေဆိပ်သည် နှစ်အလိုက်ကမ္ဘာ့အကောင်းဆုံးလေဆိပ်အဖြစ် ၁၉၉၅ ခုနှစ်မှစတင်ကာ ခုနစ်ကြိမ်ဆွတ်ခူးရရှိခဲ့သည်။ ၁၉၉၃ခုနှစ်မှ ၁၉၉၅ခုနှစ်အထိ ကမ္ဘာ့အကောင်းဆုံးလေဆိပ်အဖြစ် ဒုတိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ် ရွေးချယ်ခံခဲ့ရသည်။ **(အင်တာနက်)**

တရုတ်၌ မြေအောက်တွင်ပိတ်မိနေသောမိုင်းလုပ်သားများအား ကယ်ထုတ်နိုင်ရေးကြိုးစားနေ

ပေကျင်း မေ ၂၅

တရုတ်နိုင်ငံ ယူနန်ပြည်နယ် လုဇီစီရင်စုတွင်ရှိသော မိုင်းတွင်းတစ်တွင်းပြိုကျမှုကြောင့် မိုင်းလုပ်သား ခုနစ်ဦးပိတ်မိလျက်ရှိကြောင်း မေ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ မိုင်းတွင်းသည် မေ ၂၄ ရက်က မြေအောက်၌ မိုင်းလုပ်သားများ လုပ်ငန်းခွင်ဝင်ရောက်နေကြစဉ် ရုတ်တရက်ပြိုကျမှုဖြစ်ပွားပြီး ၎င်းတို့ပိတ်မိနေကြခြင်းဖြစ်သည်။ ကယ်ဆယ်ရေးအဖွဲ့လေးဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းခွင်များကို အပူတပြင်း ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

ကြိုးစား

၎င်းမိုင်းလုပ်သားများသည် မြေအောက်၌ပိတ်မိနေခြင်းဖြစ်ရာ ကယ်ဆယ်ရေးလုပ်ငန်းများကိုလုပ်ကိုင်ရန် မြေအောက်သို့ ဥမင်တူးပြီးကယ်ထုတ်ရေး ကြိုးစားလျက်ရှိသည်။

မိုင်းတွင်းပြိုကျစဉ် မြေအောက်၌ မိုင်းလုပ်သား ၁၅ ဦးခန့်အလုပ်လုပ်လျက်ရှိရာ ရှစ်ဦးကို ကနဦးအချိန်များ၌ ကယ်ထုတ်နိုင်ခဲ့သည်။ ယခုအခါကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် - စုစည်းသည်

ဩစတြေးလျနိုင်ငံသူ ဂီနာရိုင်းဟတ် ကမ္ဘာ့အချမ်းသာဆုံးအမျိုးသမီးဖြစ်လာ

ဆစ်ဒနီ မေ ၂၅

ကမ္ဘာကျော် ဘီအာဒဗလျူမဂ္ဂဇင်းမှ လေ့လာသုတေသနပြုမှုအရ ဩစတြေးလျနိုင်ငံမှ အမျိုးသမီးကြီး ဂီနာရိုင်းဟတ်သည် ကမ္ဘာပေါ်တွင် အချမ်းသာဆုံး အမျိုးသမီးတစ်ဦးဖြစ်ကြောင်း မေ ၂၅ ရက်က သတင်းတွင်ဖော်ပြသည်။

ပိုင်ဆိုင်ထား

အသက် ၅၈ နှစ်အရွယ်ရှိ ဂီနာရိုင်းဟတ် **(အပေါ်ပုံ)**သည် လောလောဆယ်တွင် အမေရိကန်ဒေါ်လာ ၂၈ ဘီလီယံ ပိုင်ဆိုင်ထားသူဖြစ်သည်။ သူမသည် နှစ်စဉ် ဩစတြေးလျဒေါ်လာငွေပေါင်းများစွာ ဝင်ငွေရရှိနေသူလည်းဖြစ်သည်။

ရရှိနေ

လက်ရှိဝင်ငွေအတိုင်း ဆက်လက်တိုးပွားနေပါက ကမ္ဘာပေါ်တွင် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံအထိ ချမ်းသာကြွယ်ဝသည့် ပထမဆုံးလူသားတစ်ဦးဖြစ်လာမည်ဖြစ်သည်။ သူမသည် မိုင်းတွင်းလုပ်ငန်းပိုင်ရှင်သူဌေးတစ်ဦးဖြစ်ပြီး ပျမ်းမျှအားဖြင့် တစ်စက္ကန့်လျှင် ဝင်ငွေ ဩစတြေးလျဒေါ်လာ ၆၀၀ ရရှိနေသူဖြစ်သည်။

အမျိုးသမီးကြီးဂီနာရိုင်းဟတ်သည် ပြည်ပနိုင်ငံများတွင် စီးပွားရေးရင်းနှီးမြှုပ်နှံမှု စီမံကိန်းအသစ်များပြုလုပ်လျက်ရှိရာ လာမည့်နှစ်များ၌လည်း အချမ်းသာဆုံး အမျိုးသမီးကြီးအဖြစ် ဆက်လက်ရပ်တည်လျက်ရှိဦးမည်ဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂၅-၅-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

ကမ္ဘာ့အကြီးဆုံးနေစွမ်းအင်သုံးလေယာဉ် စတင်ပျံသန်း

ဆွစ်ဇာလန်နိုင်ငံမှ ကမ္ဘာ့အကြီးဆုံးနေစွမ်းအင်သုံးလေယာဉ်ကြီးသည် ဆွစ်ဇာလန်နိုင်ငံမှ မော်ရိုကိုနိုင်ငံသို့ မေ ၂၄ ရက်က ၎င်း၏ပထမဆုံးခရီးစဉ်အဖြစ် စတင်ပျံသန်းခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါနေစွမ်းအင်သုံးလေယာဉ်ကြီးသည် ၎င်း၏ခရီးစဉ်ကို ဆွစ်ဇာလန်နိုင်ငံအနောက်ပိုင်း ပါရာနာမြို့မှ စတင်ပျံတက်ပြီး မက်ဒရစ်မြို့အရောက်တွင် ၎င်း၏ခရီးစဉ်ကို ပထမဆုံးရပ်နားမည်ဖြစ်ကြောင်း၊ အဆိုပါနေရာတွင် လေယာဉ်မှူးနှစ်ဦး တာဝန်လဲရန်အတွက် ခရီးတစ်ထောက်နားရန် စီစဉ်ထားကြောင်း သတင်းတွင် ဖော်ပြသည်။ မက်ဒရစ်ဘရာဂျက်လေဆိပ်တွင် မေ ၂၅ ရက် နံနက် ၂ နာရီ၌ ဆင်းသက်မည်ဖြစ်သည်။ ယင်းမှ မော်ရိုကိုနိုင်ငံအလယ်ပိုင်း ကွာဇာဇာတီသို့ နောက်ဆုံးခရီးပန်းတိုင်အဖြစ် ဆက်လက်ပျံသန်းမည်



ဖြစ်သည်။ အဆိုပါနေရာတွင် ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ရေးလုပ်ငန်းများတွင် ၎င်း၏အဖွဲ့ဝင်များ ပူးပေါင်း ပါဝင်သွားမည်ဖြစ်သည်။ လေယာဉ်မှူးနှစ်ဦးဖြစ်သည့် အင်ဒရီဘော်ချာဘရတ်နှင့် ဘရန့်ပစ်ကတ်တို့သည် နေစွမ်းအင်သုံးလေယာဉ်ကို လောင်စာဆီတစ်စက်မျှမသုံးဘဲ ကီလိုမီတာ ၂၅၀၀ ကျော်ကွာဝေးသည့်ခရီးကို မကြုံဖူးသည့် စိန်ခေါ်မှုခရီးစဉ်တစ်ရပ်အနေဖြင့် ပြီးမြောက်အောင်မြင်စွာ ပျံသန်းမည်ဖြစ်သည်။

အာဖဂန်တွင် ကယ်ဆယ်ရေးအလုပ်သမားလေးဦး ပြန်ပေးဆွဲခံရ

အာဖဂန်နစ္စတန်အရှေ့မြောက်ပိုင်းတွင် နိုင်ငံခြားသားအမျိုးသမီးနှစ်ဦးအပါအဝင် ကူညီထောက်ပံ့ရေးအလုပ်သမားလေးဦးအား လက်နက်ကိုင်အုပ်စုတစ်စုက ပြန်ပေးဆွဲဖမ်းဆီးသွားခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများက မေ ၂၄ ရက်တွင် ပြောကြားသည်။ ဆွစ်ဇာလန်အခြေစိုက် မက်အဲယားအဖွဲ့အစည်းတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်သည့် ယင်းဝန်ထမ်းများသည် အာဖဂန်နစ္စတန်နိုင်ငံ ဘာဒတ်ရှန်ပြည်နယ် ယပ်ဖ်တယ်ခရိုင်ရှိ ရှော်ဟာဇာကျေးရွာတွင် ကယ်ဆယ်ရေးလုပ်ငန်းအတွက် သွားရောက်စဉ် အမည်မသိလက်နက်ကိုင်အုပ်စုတစ်စုက ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံတောင်ပိုင်းတွင် အင်တာနက်ဆိုင်အမိုးပြိုကျ

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်စီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဂူကျန်မြို့ရှိ အင်တာနက်ဆိုင်တစ်ဆိုင်တွင် မေ ၂၄ ရက်က အမိုးပြိုကျမှုကြောင့် တစ်ဦးသေဆုံးပြီး အခြားကိုးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းအဆောက်အအုံ၏အမိုးသည် သစ်သားများဖြင့်ထောက်ကာ ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်ပြီး မတော်တဆဖြစ်ပွားမှုကြောင့် ယင်းနေ့ ဒေသစံတော်ချိန် ည ၁၀ နာရီခန့်က ရုတ်တရက်ပြိုကျခဲ့ခြင်းဖြစ်ကြောင်း၊ အပျက်အစီးများအောက်တွင် လူ ၁၀ ဦး ပိမိနေခဲ့ပြီး ကယ်ဆယ်ရေးသမားများက ပိမိနေသူများအားလုံးကို ဆွဲထုတ်ကာ ဒေသတွင်းဆေးရုံသို့ အရေးပေါ်ပို့ဆောင်ပေးခဲ့ကြောင်း၊ တစ်ဦးမှာ ကုသမှုမအောင်မြင်သဖြင့် မေ ၂၅ ရက် နံနက် ၄ နာရီ မိနစ် ၄၀ က သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။ (အင်တာနက်)

နိုင်ငံတကာသတင်းများ

အမေရိကန်နှင့် အာဖဂန်သဘောတူညီမှု အာဖဂန်ပါလီမန်ကော်မတီနှစ်ရပ် လက်မခံ

ကဘူးလ် မေ ၂၅

အမေရိကန်နှင့် အာဖဂန်နစ္စတန် နှစ်နိုင်ငံအကြား မကြာမီက လက်မှတ်ရေးထိုးသည့် မဟာဗျူဟာမြောက် မိတ်ဖွဲ့ရေးသဘောတူညီမှုစာချုပ်ကို အာဖဂန်နစ္စတန်ပါလီမန်ကော်မတီနှစ်ရပ်က ယခုတိုင်လက်မခံဘဲ ပယ်ချနေကြောင်း အာဖဂန်နစ္စတန်အမတ် အလီအာဖာနီက ပြောကြားသည်။

လက်မှတ်ရေးထိုး

အဆိုပါ နှစ်နိုင်ငံသဘောတူစာချုပ်ကို ကဘူးလ်မြို့၌ အမေရိကန်သမ္မတ အိုဘားမားနှင့် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းတို့ မေ ၁၂ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ **(ယာပုံ)**

အာဖဂန်နစ္စတန် ပါလီမန်ကော်မတီများက စာချုပ်ကို စဉ်းစားရာတွင် ကော်မတီနှစ်ရပ်က ငြင်းပယ်နေကြခြင်းဖြစ်ကြောင်း အမတ်အလီအာဖာနီက မေ ၂၃ ရက်တွင် ပြောကြားသည်။ **(အင်တာနက်)**

တရုတ်နှင့်ထိုင်း ပူးတွဲစစ်ရေး လေ့ကျင့်မှုပြီးဆုံး

ကွမ်းတုံ မေ ၂၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ နှစ်နိုင်ငံအကြား ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်မှုသည် သောကြာနေ့က ပြီးဆုံးသွားခဲ့သည်။

အဆိုပါ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် ရှန်ဟွေးမြို့၌ မေ ၁၁ ရက်မှ ၂၅ ရက်အထိ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် တရုတ်မှ ရေတပ်တပ်ဖွဲ့ဝင် ၃၇၂ ဦးနှင့် ထိုင်းရေတပ်တပ်ဖွဲ့ဝင် ၁၂၆ ဦးတို့ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ယင်းစစ်ရေးလေ့ကျင့်မှု၏ အဓိကရည်ရွယ်ချက်သည် ဒေသတွင်း အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ဖြစ်သည်ဟု ဆိုသည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ အကြမ်းဖက်တိုက်ခိုက်မှုများ ငါးဦးသေဆုံး၊ ၂၉ ဦး ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၂၅

အီရတ်နိုင်ငံအရှေ့ပိုင်းနှင့် အလယ်ပိုင်း၌ မေ ၂၃ ရက်က ဖြစ်ပွားခဲ့သည့် ဗုံးခွဲတိုက်ခိုက်မှုများနှင့်ပစ်ခတ်တိုက်ခိုက်မှုများအတွင်း လူငါးဦးသေဆုံးပြီး ၂၉ ဦး ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(ဝဲပုံ)**

ဘဂ္ဂဒက်မြို့၏အနောက်ဘက် ကီလိုမီတာ ၁၁၀ အကွာ ရာမာဒီမြို့အတွင်း ဘတ်စ်ကားတစ်စီးကို လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် သုံးဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရခဲ့သည်။ အီရတ်နိုင်ငံအရှေ့ပိုင်း ဒီယာလာပြည်နယ်တွင် ဆောက်လုပ်ရေးလုပ်သားများ စီးနင်းလာသည့် ဘတ်စ်ကားတစ်စီးကို သေနတ်သမားများက ရိုင်ဖယ်ဖြင့် ပစ်ခတ်ရာ အလုပ်သမားနှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရခဲ့သည်။ ဒီယာလာပြည်နယ်အတွင်း ကင်းလှည့်ရဲတပ်ဖွဲ့ဝင်များအား သေနတ်သမားများကပစ်ခတ်ရာ ရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရခဲ့သည်။ **(အင်တာနက်)**

ယခုနှစ်မုန်တိုင်းရာသီအတွင်း မုန်တိုင်းများ (၁၅)ကြိမ်အထိ ဖြစ်ပေါ်နိုင်



နယူးယောက် မေ ၂၅

ယခုနှစ်၏ အတ္တလန္တိတ်မုန်တိုင်းရာသီအတွင်း မုန်တိုင်းများ ၉ ကြိမ်မှ ၁၅ ကြိမ်အထိ ဖြစ်ပေါ်နိုင်ကြောင်း အမေရိကန် မိုးလေဝသပညာရှင်များက မေ ၂၅ ရက်တွင် ခန့်မှန်းချက် ထုတ်ပြန်သည်။

၎င်းမုန်တိုင်းများတွင် လေးခုမှရှစ်ခုအထိသည် ဟာရီကိန်းမုန်တိုင်းအသွင် ကြီးထွားလာနိုင်သည့် မုန်တိုင်းများဖြစ်မည်ဖြစ်ကြောင်း အမျိုးသားသမုဒ္ဒရာနှင့် လေထုဆိုင်ရာစီမံရေးရာဌာနက ကြိုတင်ခန့်မှန်းထားသည်။ **(အပေါ်ပုံ)**

ခြောက်လတာ ကြာမြင့်သည့် အတ္တလန္တိတ်မုန်တိုင်းရာသီသည် ဇွန် ၁ ရက်တွင် စတင်ကျရောက်မည် ဖြစ်သည်။ ဖြစ်ပေါ်လာသည့်မုန်တိုင်းများတွင် အလွန်အားကြီးသော ဟာရီကိန်းမုန်တိုင်းကြီးတစ်ခုမှ သုံးခုအထိ ဖြစ်ပေါ်မည်ဟု ခန့်မှန်းကြောင်း၊ အဆင့်သုံးဆင့်ရှိ မုန်တိုင်း သို့မဟုတ် ထို့ထက်အားကြီးသည့် မုန်တိုင်းများဖြစ်ပြီး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၀၀ သို့မဟုတ် ထိုထက်ပိုသည့်နှုန်းဖြင့် တိုက်ခတ်မည့် မုန်တိုင်းများဖြစ်နိုင်ကြောင်း အဆိုပါဌာနက ပြောကြားသည်။ **(အင်တာနက်)**

ဘီစီ ၁၁၀၀ ခန့်က ရွှေနားဆွဲတစ်ရန် အစ္စရေးနိုင်ငံအတွင်းတွေ့ရှိ

တဲလ်အဗစ် မေ ၂၅

အစ္စရေးနိုင်ငံ မြောက်ပိုင်းတွင် မြေအောက် နစ်မြုပ်နေသော ရှေးဟောင်းလက်ဝတ်ရတနာထည့်သိုရာ ဘူးတစ်ဘူးအတွင်း ရှေးဟောင်း ရွှေနားဆွဲတစ်ရန်ကို တွေ့ရှိခဲ့ကြောင်း၊ ၎င်းနားဆွဲရတနာသည် အီဂျစ်လက်ရာတစ်ခု ဖြစ်နိုင်ကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက မေ ၂၅ ရက်တွင် ပြောကြားသည်။ **(ယာပုံ)**

ဂျီဇီးယားတောင်ကြားဒေသတွင် တွေ့ရှိသည့် ရတနာဘူးအတွင်းက ရွှေနှင့် ငွေဖြင့်ပြုလုပ်ထားသည့် ယခု နားဆွဲရတနာသည် ဘီစီ ၁၁၀၀ ခန့်က လက်ရာဖြစ်ကြောင်း၊ ဘူးအတွင်း အခြားပစ္စည်းအစိတ်အပိုင်းအချို့ကိုလည်းတွေ့ရှိပြီး ၎င်းတို့မှာလည်း အီဂျစ်ခေတ်လက်ရာများဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ တဲလ်မီဂျီဒို ပြည်နယ် ရှေးဟောင်းမြို့ ကန်နန်နစ်မြို့အတွင်းရှိ အိမ်ဟောင်းတစ်လုံး၏ အပျက်အစီးများအတွင်း ၎င်းရတနာဘူးကို ရှာဖွေတွေ့ရှိခြင်းဖြစ်ပြီး လက်ဝတ်ရတနာ အဖိုးတန်ပစ္စည်းများ သိုလှောင်ရန် မသင့်သည့်နေရာတွင် သို၀ှက်ထားခြင်း ဖြစ်သည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။ "အဲဒါကို ကြည့်ရင် ရှင်းပါတယ်။ တစ်စုံတစ်ရာသော အကြောင်းကြောင့် ထိုရတနာဘူးကို အလျင်အမြန် ဖုံးကွယ်ခဲ့ရပုံပေါ်ပါတယ်၊ ပြီးတော့ အဲဒီနေရာဆီ ပြန်လာယူဖို့လည်း အခြေအနေမရခဲ့လို့နဲ့ တူပါတယ်"ဟု သုတေသနပညာရှင် ဒေးဗစ်က ရှင်းပြခဲ့သည်။ **(အင်တာနက်)**

ပေါင် ၄ သန်းကျော်တန်ဖိုးရှိ ငွေအကြွေစေ့အတုများ လန်ဒန်မြောက်ပိုင်းတွင် ရဲတပ်ဖွဲ့ဝင်များ ဖမ်းဆီးရမိ

လန်ဒန် မေ ၂၅

ဗြိတိန်နိုင်ငံ လန်ဒန်မြို့မြောက်ပိုင်းတွင် ပေါင် ၄ ဒသမ ၁ သန်းတန်ဖိုးရှိ ငွေအကြွေစေ့ အတုများ **(ဝဲပုံ)** ဖမ်းမိခဲ့ကြောင်း အင်တာနက်သတင်းတွင် မေ ၂၄ ရက်က ဖော်ပြသည်။

အကြီးမားဆုံး

ယခုဖမ်းဆီးရမိမှုသည် ဗြိတိန်နိုင်ငံအတွင်း ပမာဏအကြီးမားဆုံးသော အကြွေစေ့အတုများ ဖမ်းဆီးရမိမှုဖြစ်ဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းအမှုအတွင်း လူသုံးဦးအား ငွေကြေး အတုပြုလုပ်မှု၊ ငွေမည်းခဝါချမှုနှင့် လိမ်လည်မှု စသည့်ပြစ်မှုများအတွက် တရားစွဲဆိုရန် ဖမ်းဆီးထားသည်။ ဖမ်းမိ တရားခံသုံးဦးမှာ အသက် ၂၇ နှစ်၊ ၄၃ နှစ်နှင့် ၅၂ နှစ် အသီးသီးရှိကြကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံအရှေ့ပိုင်းတွင်လောင်စာဆီပိုက်လိုင်း ဖျက်ဆီးခံရ

ပေကျင်း မေ ၂၅

တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ် အရှေ့ပိုင်းရှိ မြို့တစ်မြို့ဖြစ်သော ကျီပိုမြို့အတွင်းရှိ လောင်စာဆီပိုက်လိုင်းတစ်လိုင်း ကျိုးပေါက်မှုဖြစ်၍ ဒီဇယ်များယိုဖိတ်ခဲ့ကြောင်း **(အပေါ်ပုံ)** ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

ကျန်နန်-ကွမ်ဒုံ အဝေးပြေးလမ်းမကြီးအနီးနားရှိ ပိုက်လိုင်းကို မေ ၂၅ ရက် နံနက် ၈ နာရီခန့်က လူတစ်စုက ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း ကျီပိုစည်ပင်သာယာရေးဌာနက ထုတ်ပြန်သည်။ ပိုက်လိုင်းဖျက်ဆီးခံရသဖြင့် ဒီဇယ်ပေးပို့မှု ပြတ်တောက်ခဲ့ပြီး သက်ဆိုင်ရာက ပြန်လည်ပြင်ဆင်မှုများပြုလုပ်ရာ ညနေ ၅ နာရီခန့်တွင် ပြင်ဆင်ပြီးစီးကြောင်း သတင်းတွင် ဖော်ပြသည်။

ယိုဖိတ်ခဲ့သည့် ဒီဇယ်ပမာဏ မည်မျှရှိသည်ကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း၊ ဖျက်ဆီးခံရသည့် ပိုက်လိုင်းမှာ တရုတ် ရေနံနှင့်ဓာတုပေဒကော်ပိုရေးရှင်းပိုင် ပိုက်လိုင်းတစ်လိုင်းဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

ဟန်ဂေရီရေကူးချန်ပီယံများ ရွှေတံဆိပ်ဆုလေးခုဆွတ်ခူး

အမျိုးသမီးရေကူးချန်ပီယံ ဘိုဂလာကာခါပတ်စ်

ဒီဘရီစင် (ဟန်ဂေရီ) မေ ၂၅

ဟန်ဂေရီနိုင်ငံ ဒီဘရီစင်မြို့၌ ကျင်းပလျက်ရှိသော ၂၀၁၂ ဥရောပ ရေကူးချန်ပီယံပြိုင်ပွဲတွင် မေ ၂၅ ရက်က ဟန်ဂေရီအမျိုးသမီး ရေကူးချန်ပီယံများက ရွှေတံဆိပ်ဆုလေးခု ဆွတ်ခူးရရှိသွားခဲ့သည်။

အမျိုးသမီး မီတာ ၂၀၀ ဘတ်တာဖလိုင်းဗိုလ်လုပွဲတွင် ဟန်ဂေရီရေကူးအားကစားမယ် လာဇီယိုချက်က စံချိန် ၁း၅၄ ဒသမ ၉၅ မိနစ်ဖြင့် ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့သည်။ ၎င်းသည် တစ်နိုင်ငံတည်းသူ ရေကူးမယ် ဘင့်ဘင်စကိုအားကျော်ပြီး ပထမဆုရခဲ့ခြင်းဖြစ်သည်။ ဂရိမှ ဒိုင်မိုနာကိုက ၁း၅၆ ဒသမ ၄၈ မိနစ်ဖြင့် တတိယရရှိခဲ့သည်။ တစ်နိုင်ငံတည်းသူ ဟန်ဂေရီရေကူးမယ် ဘင့်ဘင်စကိုက ၀ ဒသမ ၉ စက္ကန့်နောက်ကျပြီး ပန်းဝင်၍ ဒုတိယသာရခဲ့သည်။

အမျိုးသမီး မီတာ ၂၀၀ ဘရက်စတုတ်ပြိုင်ပွဲတွင် ဒန်နီရယ်ဂူထရာက ၂း၀၈ ဒသမ ၆၀ မိနစ်ဖြင့် ဥရောပစံချိန်သစ်ကို တင်နိုင်ခဲ့သည်။ ဂျာမနီမှ မတ်ဂို့က ၂း၀၉ ဒသမ ၂၈ မိနစ်ဖြင့် ငွေတံဆိပ်ဆွတ်ခူးခဲ့သည်။ ဂရိမှ ဆမ်မီလီဒစ်က ၂း၀၉ ဒသမ ၇၂ မိနစ်ဖြင့် ကြေးတံဆိပ်ဆွတ်ခူးခဲ့သည်။ အမျိုးသမီး မီတာ ၂၀၀ မက်ဒလေးပြိုင်ပွဲတွင် ဟန်ဂေရီမှ ကာတီးနားဟော့ဇူက ၂း၁၀ ဒသမ ၈၄ မိနစ်ဖြင့် ရွှေတံဆိပ်ရခဲ့သည်။ ဗြိတိန်သူ ဆိုဖီအောလန်းက ၂း၁၁ ဒသမ ၄၉ မိနစ်ဖြင့် ငွေတံဆိပ်ဆုရခဲ့သည်။ ဟန်ဂေရီမှ ဗာရက်စလိုက ၂း၁၁ ဒသမ ၆၃ မိနစ်ဖြင့် ကြေးတံဆိပ် ဆွတ်ခူးခဲ့သည်။

အမျိုးသမီး မီတာ ၈၀၀ ဖရီးစတိုင်ပြိုင်ပွဲတွင် ဘိုဂလာကာခါပတ်စ်က ၈း၂၆ ဒသမ ၄၉ မိနစ်ဖြင့် ဟန်ဂေရီနိုင်ငံအတွက် ရွှေတံဆိပ်ဆု ဆွတ်ခူးပေးခဲ့သည်။သူ့နောက်မှ ပြင်သစ်ရေကူးချန်ပီယံ ကိုဒါလီဘော်မိုင်က ၈း၂၇ ဒသမ ၇၉ မိနစ်ဖြင့် ငွေတံဆိပ်ဆွတ်ခူးခဲ့သည်။ ယင်းနောက်မှ ဟန်ဂေရီရေကူးမယ် အီဗာရစ်ဇတော့က ၈း၂၇ ဒသမ ၈၇ မိနစ်ဖြင့် ကြေးတံဆိပ်ဆွတ်ခူးခဲ့သည်။ **(အင်တာနက်)**

ကာဂါဝါနှင့်ဟာဇတ်အား မန်ယူခေါ်ယူရန်နီးစပ်လာ

လန်ဒန် မေ ၂၅

မန်ယူက ဂျပန်ကွင်းလယ်ကစားသမား ကာဂါဝါကို ပေါင် ၁၃သန်းဖြင့် ခေါ်ယူရန်နီးစပ်နေပြီဖြစ်ကြောင်း ၎င်းကလပ်ကကြေညာသည်။

ဒေါ့မွန်ကွင်းလယ်ကစားသမား ကာဂါဝါ ***(ဝဲစွန်ပုံ)*** *သည် လက်ရှိဒေါ့မွန်အသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသေးသည်။ သို့သော်လည်း နည်းပြဖာဂူဆန်က အငှားခေါ်ယူရန်လည်း လိုလားလျက်ရှိသည်။*

မန်ယူက အခြားကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် လိုင်လီမှ အီဒင်ဟာဇတ်ကိုလည်း လာမည့်နွေရာသီတွင် အရခေါ်ယူရန်ကြိုးစားလျက်ရှိသည်။ ဟာဇတ်အား မန်စီးတီးနှင့် ချယ်လ်ဆီးတို့ကလည်း စာချုပ်ရန်ချဉ်းကပ်နေကြသည်။ သို့သော်လည်း ဘယ်လ်ဂျီယံတောင်ပံကစားသမား ဟာဇတ်က မန်ယူနှင့်သာ စာချုပ်မည်ဖြစ်ကြောင်း အတည်ပြုပြောကြားထားသည်။

မန်ယူနှင့် ဒေါ့မွန်ကလပ်တို့သည် မကြာမီ အဆိုပါကွင်းလယ်ကစားသမား နှစ်ဦး၏အနာဂတ်နှင့်ပတ်သက်၍ ဆွေးနွေးကြမည်ဟုဆိုသည်။ ဒေါ့မွန်အသင်းသည် ယခုနှစ် ဘွန်ဒက်စ်လီဂါပြိုင်ပွဲတွင် ဘိုင်ယန်မြူးနစ်ကိုကျော်ဖြတ်ပြီး ဆုဖလားဆွတ်ခူးခဲ့သည့်အသင်းဖြစ်သည်။ ***(အင်တာနက်)***



ဒေးဗစ်ဘက်ခမ်းအား အက်ဖ်အေဆုချီးမြှင့်မည်

လန်ဒန် မေ ၂၅

ဒေးဗစ်ဘက်ခမ်းအား အင်္ဂလန်အသင်းတွင် ပွဲပေါင်း ၁၀၀ ကျော်ပါဝင်ကစားပေးခဲ့သည့်ဆုကို အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် အက်ဖ်အေက ချီးမြှင့်ပေးအပ်မည်ဖြစ်သည်။

ဘက်ခမ်းသည် လာမည့် ဇွန် ၂ ရက်တွင် အင်္ဂလန်နှင့် ဘယ်လ်ဂျီယံတို့ ဝင်ဘလေကွင်းကြီး၌ ကစားမည့် ချစ်ကြည်ရေးပွဲ၌ ပါဝင်ကစားပေးမည်ဖြစ်သည်။

ကစားပေး

အသက် ၃၇ နှစ်ရှိ ကွင်းလယ်ကစားသမား ဒေးဗစ်ဘက်ခမ်း **(အပေါ်ပုံ)** သည် ၂၀၀၉ ခုနှစ်က အင်္ဂလန်အသင်းအတွက် ပွဲပေါင်း ၁၁၅ ပွဲမြောက်ပါဝင်ကစားပြီးဖြစ်သည့်အတွက် ဆုရခဲ့ခြင်းဖြစ်သည်။ ဘက်ခမ်းသည် အဆိုပါဆုကို လန်ဒန်မြို့ ဝင်ဘလေကွင်းကြီး၌ အင်္ဂလန်နှင့် ဘယ်လ်ဂျီယံတို့ကစားစဉ် အက်ဖ်အေက ပေးမည့်ဆုကို ဆာဘော်ဘီလ်ချာလ်တန်နှင့် ပီတာရှယ်လီတန်တို့နှင့် အတူတက်ရောက်ပြီး ဆုလက်ခံရယူမည်ဖြစ်သည်။ ဘက်ခမ်းသည် လက်ရှိ အယ်လ်အေဂလက်ဆီတွင် ကစားပေးလျက်ရှိသည်။ လာမည့်ရာသီတွင် ပရီမီယာလိဂ်တွင် ပြန်ကစားရန် မျှော်လင့်ထားသည်။ **(အင်တာနက်)**

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား နော်ဝေးနိုင်ငံ INTERNATIONAL RECYCLING & SUSTAINABLE PROJECTS အဖွဲ့မှ ဧည့်သည်တွေ့ဆုံ

နေပြည်တော် မေ ၂၅

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား နော်ဝေးနိုင်ငံ INTERNATIONAL RECYCLING & SUSTAINABLE PROJECTS အဖွဲ့မှ Mr. Steinar R. Paulsen သည် ယမန်နေ့ ညနေ ၄ နာရီခွဲက အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံကိန်းများရေးဆွဲကာ ၎င်းတို့အဖွဲ့မှ ရန်ပုံငွေလှူဒါန်း၍ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။ **(ဝဲပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟသ်ာတခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၂၅

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။ ဆက်လက်၍ ဟသ်ာတမြို့ ဦးပါရဲဘုရားအနီးမြစ်ကမ်းပါးပြိုကျနေမှုအား ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ လေးမျက်နှာမြို့ မိုးလုံလေလုံ အားကစားရုံတည်ဆောက်မည့် မြေနေရာကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၂၃ ရက် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာအုပ်စု ကြိမ်ကျုံကျေးရွာ အမကခွဲဆောက်လုပ်မည့်နေရာကိုကြည့်ရှုစစ်ဆေးပြီး ကျောင်းဆောက်လုပ်ရန် အလှူငွေကျပ်သုံးသိန်းကို ပေးအပ်လှူဒါန်း၍ မြန်အောင်မြို့နယ် အင်ပင်ကျေးရွာအုပ်စု ငွေးကုန်းကျေးရွာရှိ ဒူးရင်းသီး၊ မင်းကွတ်သီး စိုက်ပျိုးရေးခြံကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ဟသ်ာတမြို့ ဦးပါရဲဘုရားအနီး မြစ်ကမ်းပါး ပြိုကျနေမှုအား ကာကွယ်ထိန်းသိမ်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း ရန်ကုန်-ကော့သောင်းခရီးစဉ် တိုက်ရိုက်ပြေးဆွဲ

ရန်ကုန် မေ ၂၅

ရန်ကုန်-မြိတ်-ကော့သောင်း-မြိတ်-ရန်ကုန်ခရီးစဉ်ကို ခရီးသည် ၃၁၅ ဦးတင်ဆောင်နိုင်သော "တောင်ကြီး" နှင့် "မြစ်ကြီးနား" သင်္ဘောနှစ်စင်းတို့ဖြင့် ပုံမှန်ပြေးဆွဲလျက်ရှိရာ ယခုအချိန်မှစ၍ သင်္ဘောတစ်စင်းကို ပုံမှန်ခရီးစဉ်အဖြစ် တစ်လလျှင် နှစ်ခေါက် ပြေးဆွဲမည်ဖြစ်ပြီး ကျန်တစ်စင်းအား ရန်ကုန်-မြိတ်-ရန်ကုန် ခရီးစဉ်အဖြစ် ခရီးသည်နှင့်ကုန်ရရှိမှုအပေါ် မူတည်ပြီး တစ်လလျှင် တစ်ခေါက် အမြန်ယာဉ်အဖြစ် ပြေးဆွဲမည်ဖြစ်သည်။

နိုင်ငံခြားခရီးစဉ်အဖြစ် ဂျပန်၊ ကိုရီးယား၊ ဟောင်ကောင်၊ တရုတ်၊ အရှေ့တောင်အာရှနိုင်ငံများ၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် ရန်ကုန်-မလေးရှား-စင်ကာပူ-ရန်ကုန် ခရီးစဉ်များကိုလည်း ပြေးဆွဲပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူဆယ်မြို့ အထကခွဲ၌ သုံးထပ်ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို မေ ၁၉ ရက်က အဆိုပါ သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်သည့်နေရာ၌ ကျင်းပရာ မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးဟိန်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင် ဆောက်လုပ်မည့်နေရာကို ပန္နက်တင်ပေးကြစဉ်။
(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း ဖတ်စရာ မှတ်စရာ ဖတ်စရာ မှတ်စရာ ဖတ်စရာ မှတ်စရာ

[illegible]

သတင်းမှတ်စုနှင့်ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)

ရန်ကုန် မေ ၂၅

ယနေ့ရန်ကုန်မြို့တွင်းသွား ခရီးသွားကဏ္ဍ၌ "မထူးခြားသည့် အထူးကားများ" အကြောင်း လူပြောသူပြောအများဆုံးဖြစ်နေသည်။ စာလုံးကသာ "အထူး" ဟု ဆိုသော်လည်း အခြားရိုးရိုးယာဉ်လိုင်းကားများထက်ပင် စီးနင်းလိုက်ပါရသည်မှာ ပိုမိုဒုက္ခရောက်နေကြပါသည်ဟု ကြားသိရသည်။ "အထူး"ကားများ၏ အသွင်သဏ္ဌာန်၊ စံချိန် စံညွှန်းသတ် မှတ်ချက်များကို သိလိုသည့်အတွက် မြန်မာ့အလင်းသတင်းအဖွဲ့သည် မထသ(ဗဟို)မှ တာဝန်ရှိသူအချို့နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

မထသ ၄၈ အထူးယာဉ်လိုင်းတစ်စီးကို တွေ့ရစဉ်။

မြန်မာ့အလင်း - ယနေ့ယာဉ်လိုင်းတွေမှာ ပြေးဆွဲနေတဲ့အထူးယာဉ်များရဲ့ သတ်မှတ်စံချိန်စံညွှန်းကို သိလိုပါတယ်။

မထသ - စံချိန်စံညွှန်းကတော့- (က) အထူးယာဉ်လိုင်းမှာ ပြေးဆွဲမယ့်ယာဉ်က ကားအင်္ဂါရုပ်သန့်ပြီး ကားရဲ့ကိုယ်ထည်ကြံ့ခိုင်မှုနဲ့ စက်ရဲ့စွမ်းရည်ကောင်းမွန်တို့နဲ့ ပြည့်စုံနေရပါ့မယ်။ (ခ) သတ်မှတ်ထားတဲ့အဆင့်အတန်းမီထိုင်ခုံအရေအတွက်နဲ့ တစ်ခုံနဲ့တစ်ခုံ သတ်မှတ်အကွာအဝေးရှိရမယ်။ (ဂ) ခရီးသည်တွေစီးနင်းတဲ့အခါ သက်သာချောင်ချိမှုရှိစေပြီး စိတ်ချမ်းမြေ့စေရေးအတွက် အအေးဓာတ် (Air Con)လွှတ်ထုတ်ပေးခြင်း၊ သာယာနာပျော်ဖွယ်ရုပ်သံများ အစဉ်မပြတ်လွှင့်ထုတ်ပေးနေရမယ်။ (ဃ) ခရီးသည်ထိုင်ခုံပြည့်ပါက ဆက်လက်တင်ဆောင်ခြင်းမပြုဘဲ သတ်မှတ်မိုင်နှုန်းအတိုင်း ပြေးဆွဲပေးရမယ်။ သတ်မှတ်မိုင်နှုန်းထက်ပိုမမောင်းရပါဘူး။ (င)ခရီးသည်များကို အတတ်နိုင်ဆုံးဝန်ဆောင်မှုပေးပြီးယဉ်ကျေးစွာပြောဆိုဆက်ဆံရမယ်လို့ဆိုပြီး သတ်မှတ်ထားပါတယ်။

မြန်မာ့အလင်း - ဟုတ်ကဲ့၊ သတ်မှတ်ထားတဲ့ အဆင့်အတန်းမီထိုင်ခုံတွေ ဆိုတာဘယ်လိုပါလဲ။

မထသ - အထူးယာဉ်လိုင်းကားတစ်စီးမှာ နှစ်ယောက်ထိုင်ခုံအတွက် အရှည်နှစ်ပေနဲ့ လေးလက်မရှိရမယ်။ တစ်ဖက်သုံးယောက်ထိုင်ခုံက အရှည်သုံးပေနဲ့ ခုနစ်လက်မရှိရမယ်။ ကျောမှီက ၁၉လက်မအမြင့်ရှိနေရမယ်။ ထိုင်ခုံအကျယ် တစ်ပေနဲ့ နှစ်လက်မရှိရမှာဖြစ်ပြီး ထိုင်ခုံတစ်ခုံနဲ့တစ်ခုံအကြား ၁၁လက်မ အကွာအဝေးရှိနေရမယ်။ အလယ်လျှောက်လမ်းအကျယ်က တစ်ပေနဲ့ နှစ်လက်မရှိရမှာဖြစ်ပြီး ထိုင်ခုံအမြင့်က ကြမ်းပြင်ကနေ ဆိုဖာအထိ တစ်ပေနဲ့လေးလက်မအမြင့်ပဲရှိရမယ်လို့ သတ်မှတ်ထားပါတယ်။

မြန်မာ့အလင်း - ခရီးသည်ထိုင်ခုံပြည့်ရင် ဆက်လက်မတင်ရဘူးလို့ သတ်မှတ်ထားပေမယ့် အထူးယာဉ်လိုင်းတွေမှာ မတ်တတ်ရပ်စီးတဲ့ခရီးသည်အများကြီးတင်ထားတာကို တွေ့မြင်နေရပါတယ်။

မထသ - ဟုတ်ပါတယ်။ အဲဒီလိုအထူးယာဉ်တွေ စည်းကမ်းနဲ့မညီရင် ယာဉ်ထိန်းရဲတပ်ဖွဲ့အပြင် ကျွန်တော်တို့ မထသအထူးစစ်ဆေးရေးအဖွဲ့တွေက စစ်ဆေးတွေ့ရှိခဲ့ရင် ကျူးလွန်တဲ့ပြစ်ဒဏ်ကို သတ်မှတ်စည်းကမ်းနဲ့အညီ ဒဏ်ကြေးငွေရိုက်ပါတယ်။ အပြစ်ဒဏ်များကိုလည်းပေးပါတယ်။ ဒါကလဲ ခရီးသည်နဲ့ ပြေးဆွဲနေတဲ့ အထူးယာဉ်လိုင်းများအကြား အများကြီး ပြဿနာရှိပါတယ်။ ယာဉ်လုပ်သားတွေကိုသာ အပြစ်ပေးလို့ရပေမယ့် ရုံး၊ ဈေး၊ ကျောင်းမီချင်တဲ့ခရီးသည်၊ ညနေ အိမ်ပြန်ချင်တဲ့ခရီးသည်တွေကို မတက်ပါနဲ့တော့လို့ တားလို့မရပါဘူး၊ ဒီအခက်အခဲတွေကတော့ ရှိနေဦးမှာပါပဲ၊ လိုင်းကားတွေနောက်ထပ်အများကြီးဝင်လာရင်တော့ ဒီလိုအခက်အခဲတွေ အများကြီးပြေလျော့သွားမယ်လို့ ထင်ပါတယ်။

မြန်မာ့အလင်း - နောက်တစ်ချက်က ထိုင်ခုံတွေပြဿနာ၊ အချို့အထူးယာဉ်လိုင်းကထိုင်ခုံတွေက သတ်မှတ်စံချိန်စံညွှန်းနဲ့မညီဘဲ တစ်ခုံနဲ့ တစ်ခုံကကပ်လွန်းပြီး သုံးယောက်ထိုင်ခုံက နှစ်ယောက်ထိုင်ပြီး နောက်တစ်ယောက်ထိုင်လိုက်ရင် အတော်အခက်အခဲဖြစ်နေတာကို တွေ့မြင်နေရပါတယ်။

မထသ - ညွှန်ကြားချက်နဲ့မညီတဲ့ကားတွေ၊ စည်းကမ်းမလိုက်နာတဲ့ ယာဉ်တွေကို အဖွဲ့ရှစ်ဖွဲ့နဲ့ အခုနောက်ပိုင်းစစ်ဆေးမှုတွေဆက်တိုက်ပြုလုပ်နေပါတယ်။ ခရီးသည်များရဲ့ဆန္ဒကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ ဌာနအနေနဲ့ ဆောင်ရွက်နေပါတယ်။ ခရီးသွားပြည်သူတွေအနေနဲ့ကလည်း ကျွန်တော်တို့လို စစ်ဆေးရေးအဖွဲ့တွေနဲ့တွေ့တဲ့အခါ၊ ဒါမှမဟုတ် မထသ (ဗဟို)ကိုပဲ တိုက်ရိုက်ဖြစ်ဖြစ်၊ ယာဉ်လိုင်းတွေ၊ ယာဉ်ဝန်ထမ်းတွေ စည်းကမ်းပျက်တာတွေ့ရင် တိုင်ကြပါ။ အများအကျိုးရှိနိုင်မယ့် အကြံကောင်း၊ ဉာဏ်ကောင်းများကိုလည်း ပေးကြပါလို့ မြန်မာ့အလင်းသတင်းအဖွဲ့ကတစ်ဆင့် ပြောပေးစေချင်ပါတယ်။

မြန်မာ့အလင်း - ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။

မိုးကြိုးအန္တရာယ်မှ ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်အချက်များ

(က) အိမ်အပြင်တွင် ရောက်ရှိနေပါက အိမ်ထဲသို့ချက်ချင်းပြေးဝင်ပါ၊
(ခ) ကွင်းပြင်တွင် ထီးထီးကြီးမနေရန်၊ ဆောင့်ကြောင့်ထိုင်ပါ၊ ဒူးခေါင်းနှစ်ဖက်ပေါ် လက်တွေတင်ထားပါ၊ ခေါင်းငုံ့ထားပါ၊
(ဂ) သစ်ပင်၊ ဓာတ်တိုင်နှင့် သံထည်ပစ္စည်းများအနီးတွင် မနေရန်၊
(ဃ) ရေကူးကန်၊ ရေကန်၊ မြစ်ချောင်း၊ အင်းအိုင် စသည့်နေရာများတွင် ရှိနေခဲ့လျှင် ရေထဲက ချက်ချင်းတက်ပြီး လုံခြုံသောနေရာကို ရှာပြီးနေရန်၊
(င) အဆောက်အအုံများ၏ အလယ်တွင်သာနေရန်၊ ရေပိုက်များနှင့် ရေဆေးခွက်များအနီးတွင်မနေရန်၊ (မိုးကြိုးလျှပ်စီးမှတစ်ဆင့် ဓာတ်လိုက်တတ်သည်)
(စ) ကားထဲတွင် ရောက်နေပါက ကားထဲတွင်သာဆက်နေရန်၊
(ဆ) တယ်လီဖုန်းဆက်သွယ်ပါက တယ်လီဖုန်းလိုင်းမှတစ်ဆင့် မိုးကြိုးထိမှန်နိုင်သဖြင့် ကြိုးဖုန်းများမသုံးရန်၊
(ဇ) အဆောက်အအုံများတွင် မိုးကြိုးလွှဲများတပ်ဆင်ထားရန်၊
(ဈ) တီဗွီ၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်မီးဖို စသည့် လျှပ်စစ်နှင့်ဆိုင်သော အိမ်အသုံးအဆောင်ပစ္စည်းများကို ပိတ်ထားရန်၊
(ည) လျှပ်စီးလက်သည်ကို မြင်သည်နှင့် (၁)မှ (၃၀)အထိ ရေတွက်ကြည့်ပါ၊ (၃၀) မပြည့်ခင် မိုးကြိုးပစ်သံကြားရပါက အမြန်ဆုံးအိမ်ထဲသို့ ပြေးဝင်ပါ။ (ဤလက္ခဏာသည် မိမိ၏ အပေါ်တည့်တည့်တွင် မိုးကြိုးမုန်တိုင်းရောက်နေခြင်းဖြစ်ပါသည်။)
(ဋ) မိုးကြိုးပစ်တာရပ်ပြီး နာရီဝက်ကျော်ကြာမှ အိမ်ပြင်သို့ ထွက်ရပါမည်။

မေ ၁၃ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ဆည်းဆာရိပ်ဂိလာနဘိုးဘွားများစောင့်ရှောက်ရေးဂေဟာရှိ ဘိုးဘွားများအတွက် စိန်ဂေဟာမိသားစုက နေ့စဉ်အာဟာရလှူဒါန်းခြင်းနှင့် ဘိုးဘွားများအား နွေးထွေးစွာပြုစုစောင့်ရှောက်ခြင်းတို့ဖြင့် ကုသိုလ်ပါဝင်ဆောင်ရွက်ကြစဉ်။ (မြန်မာ့အလင်း)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်နိုင်ငံမှ ဧည့်သည်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Southern Power Grid International Co., Ltd. Vice-President Mr. Zhou Zhizhu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် China Southern Power Grid (CSG) ကုမ္ပဏီသည် တရုတ်နိုင်ငံ၏ တောင်ပိုင်းဓာတ်အားစနစ်ကို တာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ အိမ်နီးချင်း လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ လျှပ်စစ်ဓာတ်အားစနစ်ကွန်ရက်တည်ဆောက်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်သည့် အတွေ့အကြုံများရှိ၍ မြန်မာနိုင်ငံမှအကောင်အထည်ဖော်တည်ဆောက်မည့် ၅၀၀ ကေဗွီနှင့် ၂၃၀ကေဗွီ ဓာတ်အားလိုင်းစီမံကိန်းများတွင် ဆောင်ရွက်လိုပါကြောင်း တင်ပြချက်အရ ရွှေလီ(၃)-မိတ္ထီလာ ၅၀၀ ကေဗွီဓာတ်အားလိုင်းနှင့် မော်လမြိုင်-ရေး-ထားဝယ်-မြိတ် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်းများအတွက် လေ့လာမှု (Survey) လုပ်ငန်းများဆောင်ရွက်ရန် ကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်

နေပြည်တော် မေ ၂၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ချင်းပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ ကလေးမြို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ မြင်းခြံမြို့၊ ညောင်ဦးမြို့နှင့် ဂန့်ဂေါမြို့တို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မော်လမြိုင်မြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ခရမ်းမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ လောင်းလုံမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ကော့သောင်းမြို့တွင် ၁ ဒသမ ၅၄ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၄၂ လက်မနှင့် ရွှေကျင်မြို့တွင် ၁ ဒသမ ၁၀ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်ကာ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

လမ်းပြုပြင်ရန်မြေတူးရာမှ တောင်ပြိုကျ၊ လူအချို့သေဆုံးဒဏ်ရာရ

ကြံခင်း မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်တွင် လမ်းပြုပြင်ရန် မြေတူးရာမှ တောင်ပြိုကျသဖြင့် လူငါးဦး မြေပိသေဆုံး၍ ရှစ်ဦး အတွင်းလူနာအဖြစ် ကြံခင်းဆေးရုံတွင် တက်ရောက်ကုသနေရသည့်ဖြစ်စဉ်တစ်ခု မေ ၂၄ ရက် ညနေ ၅ နာရီခန့်တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကြံခင်းမြို့နယ် အုတ်တွင်းကျေးရွာအုပ်စု ကညင်ချောင်ကျေးရွာတွင် ဝါးရုံအုပ်ဘုရားတောင်သို့သွားသည့် မြေသားလမ်းအား မြေဖို့ပြုပြင်ရန် တောင်နံရံမှ မြေသားများတူးရာမှ တောင်ပြိုကျသဖြင့် ကညင်ချောင်ရွာနေ မောင်ရန်နိုင်စိုး အသက် ၁၈နှစ် (ဘ)ဦးကြည်ရွှင်၊ ကိုထွန်းလင်းအောင် အသက် ၃၅နှစ်(ဘ) ဦးကြည်သိန်း၊ မအေးမြတ်ချို အသက် ၁၃နှစ်(ဘ) ဦးသန်းဌေး၊ မသက်သက်မွန် အသက် ၂၈နှစ် (ဘ)ဦးစံရွှေ၊ မောင်နေလင်းထွန်း အသက်၁၆ နှစ်(ဘ) ဦးအောင်မင်းတို့ ငါးဦးမြေပိသေဆုံးသွားခဲ့ကြသည်။

မောင်ဖိုးဖြူ အသက် ၂၀ နှစ်(ဘ) ဦးလှစိုး၊ မောင်ဝင်းဇော် အသက် ၁၈ နှစ် (ဘ) ဦးခင်ဇော်၊ မောင်လွင်ကိုကိုလတ် အသက်၁၈နှစ်(ဘ) ဦးလှဌေး၊ မောင်နေမျိုးအောင် အသက် ၁၇နှစ်(ဘ)ဦးတင်လှိုင်၊ မခိုင်သူဇာ အသက် ၂၇ နှစ်(ဘ)ဦးမောင်ကျော်၊ မမြင့်မြင့်အေး အသက် ၃၃ နှစ်(ဘ) ဦးအုန်းကြိုင်၊ မဝင်းဝင်းပိုင် အသက် ၁၆ နှစ်(ဘ) ဦးကြည်ရွှင်၊ မောင်ဇော်ဇော်အောင် အသက် ၁၈ နှစ် (ဘ)ဦးညဏ်ဝင်းတို့ ရှစ်ဦးမှာ ဒဏ်ရာရရှိသဖြင့် ကြံခင်းပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိကြောင်းနှင့် ကြံခင်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများက သေဆုံးသူများ၏ မိသားစုနှင့် ဆေးရုံတက်ရောက်ကုသနေရသော လူနာများအား လိုအပ်သည်များ ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(၀၆၉)**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ အထူးကုဆရာဝန်ကြီးများ ဆေးဝါးအခမဲ့ကုသပေးမှု ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၅

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် မေ ၁၆ ရက်တွင် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံပြီး ပြည်နယ်ပြည်သူ့ဆေးရုံကြီးနှင့် ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံကြီးတို့မှ အထူးကုဆရာဝန်ကြီးများအဖွဲ့က အနန်းကွင်း ကျေးရွာ၌ ဆေးဝါးအခမဲ့ကုသပေးမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် အနန်းကွင်းကျေးလက်ကျန်းမာရေးဌာနနှင့် ကျေးရွာစာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အနန်းကွင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား မိဘများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး နိုင်ငံတော်မှထောက်ပံ့သော ကျောင်းသုံးစာအုပ်များကို ပေးအပ်သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မေ ၁၇ ရက်တွင် ဘားအံမြို့ နာရီစင်အနီး၌ ကျင်းပသော မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်(ဘားအံဘဏ်ခွဲ)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်တောင်းမြစ်အတွင်း ရှေးဟောင်း လောင်းလှေကြီးဆယ်ယူရရှိ

တောင်ငူ မေ ၂၅

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ စစ်တောင်းမြစ်အတွင်း စစ်တောင်းတံတားအနီး ကိုက် ၅၀၀အကွာ၊ ရေလယ်သောင်နှင့် ကမ်းနားကြား ရေအောက်ကြမ်းပြင်တွင် ကန့်လန့်အနေအထားဖြင့် နစ်မြုပ်နေသော အရှည် ၄၂ တောင် (၆၃ ပေ)၊ လုံးပတ် ခုနစ်တောင် (၁၀ ပေခွဲ)ရှိ ရှေးဟောင်း လောင်းလှေတစ်စင်းကို တောင်ငူမြို့ အလယ်ကျွန်းကျေးရွာနေ ကိုမောင်စိုး(ငါးဖမ်းလုပ်သား)က ဧပြီ ၁၁ ရက်တွင် ရေနစ်သေဆုံးခဲ့သူနှစ်ဦးကို ရှာဖွေရာမှ စတင်တွေ့ရှိခဲ့ရာ မေ ၂၄ ရက် နံနက် ၁၀နာရီတွင် စက်လှေနှစ်စင်း၊ သဲစုပ်စက်လှေတစ်စင်း၊ ရေငုပ်ကျွမ်းကျင်သူ ၁၁ ဦးဖြင့် စတင်ဆယ်ခဲ့သည်။

ခန့်မှန်း

အဆိုပါလောင်းလှေကို ခက်ခက်ခဲခဲ ဆယ်ယူရာ ညနေ ၅ နာရီခွဲခန့်တွင် ရေပေါ်သို့ ဆယ်ယူနိုင်ခဲ့သည်။ **(အောက်ပုံ)** တွေ့ရှိရာနေရာတွင် ကရိန်းဖြင့်မတင်ရန် ခက်ခဲသောကြောင့် ကသဲစုကျေးရွာ သဲဆိပ်သို့ စက်လှေနှစ်စင်းဖြင့် ဆွဲယူသွားပြီး မေ ၂၅ ရက် နံနက် ၁၁ နာရီတွင် ကရိန်းကားဖြင့် ကမ်းပေါ်သို့ အောင်မြင်စွာ ဆွဲတင်နိုင်ခဲ့သည်။ အဆိုပါ လောင်းလှေသည် သင်္ကန်းသားဖြင့်ပြုလုပ်ထားပြီး ဒေသခံ ကျွမ်းကျင်သူများက လွန်ခဲ့သော နှစ်ပေါင်း ရာကျော်ခန့်ကဟု ခန့်မှန်းခဲ့ကြကြောင်း သိရှိရသည်။ **(၁၂၃)**

ကိုသစ္စာ ➢ ရေးသားသည်

ရုပ်ရှင်မင်းသမီးဂေါင်လီ ခင်ပွန်းဖြစ်သူနှင့် ကွာရှင်းပြတ်စဲပြီ

စင်ကာပူ မေ ၂၅

*တရုတ်ရုပ်ရှင်မင်းသမီးဂေါင်လီ **(ယာပုံ)**နှင့် ခင်ပွန်းဖြစ်သူ စင်ကာပူစီးပွားရေးလုပ်ငန်းရှင် အိုဟိုဆောင်တို့ ကွာရှင်းလိုက်ပြီဖြစ်ကြောင်း ခင်ပွန်းဖြစ်သူ အိုဟိုဆောင်က မေ ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။*

တရုတ်ရုပ်ရှင်မင်းသမီး ဂေါင်လီနှင့် အိုဟိုဆောင်တို့သည် ၁၉၉၆ ခုနှစ်က လက်ထပ်ခဲ့ကြခြင်းဖြစ်သည်။ မိမိတို့နှစ်ဦးသည် လွန်ခဲ့သည့် သုံးနှစ်တာ ကာလကတည်းက အတူတကွ ပေါင်းသင်းနေထိုင်မှုမရှိတော့ကြောင်းလည်း စထရိတ်တိုင်းမ်သတင်းစာမှ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်ခြင်းဖြစ်သည်။

*အသက် ၄၆ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသမီးဂေါင်လီသည် ယခုအခါ ပြင်သစ်ဓာတ်ပုံဆရာလူငယ်တစ်ဦးနှင့် တွဲလျက်ရှိပြီး ၎င်းပြင်သစ်ဓာတ်ပုံ ဆရာမှာ သူမထက် အသက် ၁၃ နှစ်ခန့်ငယ်ရွယ်သူဖြစ်သည်။ ရုပ်ရှင်မင်းသမီးဂေါင်လီသည် လောလောဆယ်တွင် သူမပါဝင်ရိုက်ကူးထားသည့် What Women Went အမည်ရှိ ဇာတ်ကားမှာ တရုတ်နိုင်ငံတစ်ဝန်း ရုံတင်ပြသလျက်ရှိသည်။ ဂေါင်လီပါဝင်သရုပ်ဆောင်ထားသည့် Shanghai အမည်ရှိ ရုပ်ရှင်ကားမှာလည်း ပရိသတ်များ အားပေးမှုရရှိခဲ့ပြီး ယင်းဇာတ်ကားကို မကြာမီဒုတိယ အကျော့အဖြစ် ထပ်မံရုံတင်ပြသရန် စီစဉ်လျက်ရှိသည်။ ရုပ်ရှင်မင်းသမီးဂေါင်လီပါဝင်သရုပ်ဆောင်ခဲ့သည့် Curse of the Golden Flower ဇာတ်ကားမှာ အာရှအကောင်းဆုံး အမျိုးသမီးသရုပ်ဆောင် ဆုအဖြစ်ရွေးချယ်ရန် အမည်စာရင်းတင်သွင်း ခံရသည်အထိ အောင်မြင်မှုရရှိခဲ့သည်။ ယခုအခါ Scar Tissue အမည်ရှိ တစ်ကိုယ်တော်တေးအယ်လ်ဘမ်တစ်ခုကိုလည်း ထုတ်လုပ်ရန် ကြိုးစားလျက်ရှိပြီး ဗီဒီယိုသရုပ်ဆောင်ပြကွက်များ ရိုက်ကူးလျက်ရှိရာ အာရှတွင်နာမည်ကြီးအဆိုတော်တစ်ဦးအဖြစ် ပရိသတ်ရရှိနိုင်ရေး ကြိုးစားလျက်ရှိသည်။ **(အင်တာနက်)***

ဘောလိဝုဒ်ရုပ်ရှင်မင်းသား ရှရွတ်ခန် ခရစ်ကက် အားကစားရုံအတွင်းဝင်ရောက်မှု ပိတ်ပင်ခံရ

မွမ်ဘိုင်း မေ ၂၅

ဘောလိဝုဒ်ရုပ်ရှင်မင်းသား ရှရွတ်ခန် **(ယာပုံ)**သည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ နာမည်ကျော် ဝမ်ခဒီအမည်ရှိ ခရစ်ကက်အားကစားရုံအတွင်းသို့ဝင်ရောက်ခွင့် ရာသက်ပန် ပိတ်ပင်ခံရကြောင်း မေ ၂၅ ရက်က အင်တာနက်သတင်း၌ဖော်ပြသည်။

အသက် ၄၆နှစ်အရွယ်ရှိ ဘောလိဝုဒ်ရုပ်ရှင်မင်းသား ရှရွတ်ခန်သည် အိန္ဒိယ ပရီမီယာလိဂ် (အိုင်ပီအယ်လ်)ခရစ်ကက်အသင်းတစ်သင်းဖြစ်သော ကိုလ်ကာတား နိုက်ရီဒါးစ်အသင်းကို ပူးတွဲပိုင်ဆိုင်သူလည်းဖြစ်သည်။

ပြီးခဲ့သည့် မေ ၂၁ရက်ညက မွမ်ဘိုင်းမြို့ ဝမ်ခဒီအားကစားရုံအတွင်းသို့ ညပိုင်းတွင်သူ၏သမီးငယ်ဆူဟာနာပါဝင်သည့် လူငယ်အဖွဲ့တစ်ဖွဲ့က အချိန်မတော်ဝင်ရောက်ခဲ့ရာ အားကစားရုံ လုံခြုံရေးဝန်ထမ်းများက တားဆီးခဲ့သဖြင့် ရှရွတ်ခန်ရောက်ရှိလာပြီး လုံခြုံရေးဝန်ထမ်းများနှင့် ပြဿနာများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ထို့နောက် အားကစားရုံ လုံခြုံရေးအရာရှိများနှင့် ရုပ်ရှင်မင်းသား ရှရွတ်ခန်တို့ ရန်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့ရာမှ ၎င်းအားကစားရုံသို့ ရှရွတ်ခန် ရာသက်ပန် ဝင်ရောက်ခွင့် ပိတ်ပင်ခံရခြင်းဖြစ်သည်။

ရုပ်ရှင်မင်းသား ရှရွတ်ခန်သည် သရုပ်ဆောင်၊ ဒါရိုက်တာ၊ ထုတ်လုပ်သူနှင့် ခရစ်ကက်အသင်းကိုလည်း ပူးတွဲပိုင်ဆိုင်ထားသူတစ်ဦးဖြစ်ရာ ဘောလိဝုဒ်၌ ဝင်ငွေအကောင်းဆုံးရုပ်ရှင်မင်းသားတစ်ဦးလည်းဖြစ်သည်။ ရှရွတ်ခန်သည် အိန္ဒိယ ရုပ်ရှင်မင်းသားကြီး အမီတာဘချန်းနှင့်အတူ ရုပ်ရှင်ကားသစ်တစ်ကား ရိုက်ကူးရန်စီစဉ်လျက်ရှိသည်။ သို့သော် ရုပ်ရှင်မင်းသားကြီး အမီတာဘချန်းမှာ ကျန်းမာရေးချို့တဲ့နေသဖြင့် ကျန်းမာရေးကောင်းမွန်မှသာ ရုပ်ရှင်ကားရိုက်ကူးနိုင်မည်ဖြစ်သည်။

(အင်တာနက်)

◆ ရှေ့ဖုံးမှ

စုစုပေါင်းအသင်းသားဦးရေ ၂၃၆၆၅ ဦးနှင့် အင်အားတောင့်တင်းသော အသင်းချုပ်အဖြစ် ရပ်တည်နေသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် ကုန်သည်/စက်မှုအသင်းချုပ်အနေဖြင့် ဤအသင်းချုပ်တွင် ပါဝင်သော အသင်းသားများနှင့် ညီနောင်အသင်းများကို စည်းရုံးစုစည်းပြီး စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်မြင့်မားလာအောင်၊ ကုန်ပစ္စည်းထုတ်လုပ်ရာတွင် ခေတ်မီနည်းပညာရပ်များ အသုံးပြုနိုင်အောင်နှင့် ပြောင်းလဲတိုးတက်ဖြစ်ပေါ်လာသော နိုင်ငံတကာစီးပွားရေးပုံစံမျိုးနှင့် လိုက်လျောညီထွေ ယှဉ်တွဲလိုက်ပါသွားနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

ပြီးခဲ့သည့်နှစ်အတွင်းက ပြည်ပနိုင်ငံ ၂၀ နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်အမြောက်အမြား ကုန်သည်/စက်မှုအသင်းချုပ်ကိုလာရောက်တွေ့ဆုံဆွေးနွေးခဲ့ကြသကဲ့သို့ ပြည်ပနိုင်ငံပေါင်း ၁၅ နိုင်ငံကို ဆွေးနွေးပွဲ၊ သင်တန်း၊ အစည်းအဝေးများတက်ရောက်ရန် ကိုယ်စားလှယ်ဦးရေပေါင်း ၄၀၀ ကျော် စေလွှတ်နိုင်ခဲ့သည့်အပြင် ပြည်ပနိုင်ငံ၌ ကျင်းပသော နိုင်ငံတကာကုန်စည်ပြပွဲ ၃၁ ခုကိုလည်း တက်ရောက်ပြသနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍လည်း ကုန်သည်/စက်မှုအသင်းချုပ်သည် International Chamber of Commerce (ICC), ASEAN Chamber of Commerce and Industry (ASEAN-CCI), Bay of Bengal Initiative for Multi-sectoral Technical and Economic Cooperation (BIMSTEC), Greater Mekong Subregion Business Forum (GMS-BF), Ayeyarwaddy-Chao Phraya-Mekong Economic Cooperation Strategy Business Council (ACMECS-BC) စသော နိုင်ငံတကာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေသည့်အပြင် ပြည်ပနိုင်ငံ ၂၉ နိုင်ငံနှင့် (MOU) များ လက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ခဲ့သည်ဟုလည်း သိရှိရကြောင်း။

နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင်ဖြစ်ပေါ်လာရေးဦးတည်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ပိုပြီး လုပ်သာကိုင်သာရှိနိုင်သည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးနေပြီ ဖြစ်ကြောင်း။

အထူးသဖြင့် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများမှာ ရှင်းလင်းလွယ်ကူချောမွေ့မြန်ဆန်အောင်၊ ပို့ကုန်သွင်းကုန်လိုင်စင်များကို အလျင်အမြန်ရရှိအောင်၊ လုပ်ငန်းအဆင့်များ လျော့နည်းလွယ်ကူမြန်ဆန်သွားအောင် ဖြေလျှော့မှုများ ဆောင်ရွက်ပေးပြီး အခွန်အခသတ်မှတ်ချက်များ၊ ဘဏ်စနစ်၊ ငွေကြေးစနစ်များကို ပြုပြင်ပေးခြင်းစသည့် Trade Facilitation ဆိုင်ရာကိစ္စများကို ဆောင်ရွက်ပေးနေသည့်အပြင် အထူးစီးပွားရေးဇုန်ဥပဒေ၊ အလုပ်သမားဥပဒေ၊ လယ်ယာမြေဥပဒေများအပါအဝင် လိုအပ်သော ဥပဒေများကိုလည်း ခေတ်နှင့်လျော်ညီအောင် ပြုပြင်ရေးဆွဲဆောင်ရွက်ပေးထားသည့်အတွက် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းဆောင်နိုင်မှု ပိုမိုမြင့်မားလာစေမည်ဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စားသုံးသူများကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ လွယ်ကူသက်သာချောင်ချိစွာ ဝယ်ယူစားသုံးနိုင်ကြရန်နှင့် နိုင်ငံအတွင်းရှိကျေးလက်နေပြည်သူများနှင့် အခြေခံလူတန်းစားများ၏ဘဝ မြင့်တက်လာစေရန် စေတနာရှေ့ထားပြီး တိုင်းပြည်နှင့် ကိုက်ညီမည့်စနစ်နှင့်အညီ အတ္တပရမ္မတစွာဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ယခုဆိုလျှင် နိုင်ငံတော်အတွင်း ဆန်စပါး၊ ပဲ၊ နှမ်းစသော သီးနှံများရောင်းဝယ်ဖောက်ကားမှုကို စနစ်တကျဆောင်ရွက်နိုင်စေရန် သီးနှံဆိုင်ရာ လက်ကားကုန်စည်ဒိုင်များကို ဒေသအနှံ့အပြားတွင် တည်ထောင်ပြီး ကုန်စည်များ၏ အရည်အသွေးမှန်ကန်ရေး၊ စနစ်တကျစာချုပ်ချုပ်ဆိုရောင်းဝယ်ရေး၊ ဈေးကွက်နှင့်ဈေးနှုန်းသတင်းဖြန့်ချိရေး စသည်တို့ကို ဤအသင်းချုပ်က ဦးဆောင်ပြီး ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း။

နိုင်ငံတော်၏ အဓိကသီးနှံများဖြစ်သည့် ဆန်နှင့်ပဲမျိုးစုံအတွက် ဆန်အထူးပြုကုမ္ပဏီကြီးများနှင့် ပဲအထူးပြုကုမ္ပဏီကြီးများ တည်ထောင်ထားပြီး ဆန်၊ ပဲမျိုးစုံတို့၏ စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်သည်အထိ Supply Chain တစ်ခုလုံး ချောမွေ့လျင်မြန်အောင် ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရကြောင်း။

ထို့အတူ ဟင်းသီးဟင်းရွက် သစ်သီးဝလံစသည့် သီးနှံများသည်လည်း ပြည်ပကို တိုးမြှင့်တင်ပို့နိုင်သည်အထိ အရေးပါလာပြီဖြစ်သည့်အတွက် ဤသီးနှံများအတွက်လည်း အထူးပြုကုမ္ပဏီများဖွဲ့စည်းတည်ထောင်ပြီး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ကြိုတင်ပြင်ဆင်

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်တွင် အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသ (AFTA) နှင့် ASEAN Economic Community (AEC)တွင် ပါဝင်ဆင်နွှဲရတော့မည်ဖြစ်သည့်အတွက် ရရှိလာနိုင်မည့်အခွင့်အလမ်းများကို ပိုင်ပိုင်နိုင်နိုင်ရရှိအသုံးချနိုင်စေရန်နှင့် တွေ့ကြုံရမည့်အခက်အခဲများ၊ စိန်ခေါ်ချက်များကိုလည်း ကြံ့ကြံ့ခံရင်ဆိုင်ဖြေရှင်းကျော်လွှားနိုင်အောင် ယခုကတည်းက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လိုအပ်နေပြီဖြစ်ကြောင်း။

ထို့ကြောင့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို စံချိန်စံညွှန်းအရည်အသွေးမှန်ကန်ပြီး ကုန်ကျစရိတ်သက်သာအောင်ထုတ်လုပ်ခြင်း၊ ပြည်ပက ဈေးကွက်ဝင်ပစ္စည်းများနှင့် အရည်အသွေးရော ဈေးနှုန်းပါယှဉ်ပြိုင်နိုင်အောင် ကြိုးပမ်းခြင်း၊ ရရှိထားပြီး ပြည်ပဈေးကွက်ကို ခိုင်မာအောင်ထိန်းသိမ်းထားပြီး ဈေးကွက်သစ်များ ရှာဖွေချဲ့ထွင်ခြင်း စသောလုပ်ငန်းတွေကို လုပ်ငန်းရှင်များက ကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်းလက်တွဲပြီး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယခုကဲ့သို့ နိုင်ငံရေးကဏ္ဍမှာရော စီးပွားရေးကဏ္ဍမှာပါ အလျင်အမြန်ပြောင်းလဲတိုးတက်နေသည့်အချိန်တွင် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် အသင်းချုပ်ကြီးအနေဖြင့် စီးပွားရေးကဏ္ဍအလိုက် အားနည်းချက်များကို သိရှိနားလည်အောင် ဖော်ထုတ်ပြုပြင်ပြီး ညီနောင်အသင်းများနှင့်အတူတကွ လက်တွေ့ကျကျ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

သယ်ပိုးဆောင်ရွက်

နိဂုံးချုပ်အားဖြင့် ကုန်သည်/စက်မှုအသင်းချုပ်အနေဖြင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ ဦးဆောင်အသင်းကြီးဖြစ်သည်နှင့်အညီ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဦးဆောင်စည်းရုံးဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်က အားကိုးထိုက်သော အသင်းချုပ်ကြီးဖြစ်အောင် ညီနောင်အသင်းများ၊ အသင်းသားများနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံးကလည်း စီးပွားရေးကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းရင်း အတ္တပရမ္မတစွာဖြင့် အများပြည်သူအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အသင်းချုပ်နာယက၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် အစည်းအဝေးခန်းမအတွင်း ခင်းကျင်းပြသထားသည့်အသင်းချုပ်၏ ပြည်တွင်းပြည်ပဆောင်ရွက်ချက်မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးသည်။

အမှာစကားပြောကြား

ထို့နောက် စုံညီအစည်းအဝေး ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နာယက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် သဘာပတိ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က အမှာစကားပြောကြားသည်။

ထို့နောက် အသင်းချုပ်အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူခြင်း၊ အသင်းသားများ ကြိုတင်ပေးပို့ထားသော မေးမြန်းချက်နှင့် အကြံပြုချက်များအား ဖြေကြားခြင်းများကို အစီအစဉ်အတိုင်း ကျင်းပပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အင်္ဂလိပ်စာအခြေခံ ကျွမ်... ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်...

နေပြည်တော် မေ ၂၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန၏ အင်္ဂလိပ်စာအခြေခံကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၁/၂၀၁၂) သင်တန်းဆင်းပွဲနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းအမှတ်စဉ်(၂/၂၀၁၂) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

လေ့လာဖတ်ရှု

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာ၌ ဘာသာရပ်ဆိုင်ရာ စာအုပ်များ လေ့လာဖတ်ရှုရာတွင်လည်းကောင်း၊ ကမ္ဘာတွင် ဖြစ်ပေါ်နေသောအရာများကို ဆန်းစစ်ရာတွင်လည်းကောင်း၊ နိုင်ငံတကာဈေးကွက်ရှာဖွေရာတွင်လည်းကောင်း၊ နိုင်ငံခြားကုန်သွယ်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရာတွင် လည်းကောင်း၊ နိုင်ငံတကာပြဿနာများ ညှိနှိုင်းဖြေရှင်းရာတွင်လည်းကောင်း အင်္ဂလိပ်ဘာသာရပ်သည် မရှိမဖြစ်အရေးပါလာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ဌာနတွင်းဝန်ထမ်းများအနေဖြင့် အင်္ဂလိပ်စာ အခြေခံကျွမ်းကျင်မှု ရှိရမည်ဖြစ်သကဲ့သို့ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ပြီး ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများကို နှစ်စဉ်စဉ်ဆက်မပြတ် ဖွင့်လှစ်ခဲ့ကြောင်း၊ သင်တန်းတွင် ကုန်သွယ်မှုဆိုင်ရာ မူဝါဒ

KIA လက်နက်ကိုင်အဖွဲ့၏ မိုင်းခွဲဖျက်ဆီးမှုကြောင့် ဖဖကေဗွီ နမ့်ခမ်း-မူဆယ် ဓာတ်အားလိုင်းရှိ H-Pole ကွန်ကရစ်တိုင်အမှတ် (၂၄၉) ပျက်စီး

နေပြည်တော် မေ ၂၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ နမ့်ခမ်း-မူဆယ် ၆၆ကေဗွီ ဓာတ်အားလိုင်းရှိ H-Pole ကွန်ကရစ်ဓာတ်တိုင် အမှတ် (၂၄၉) သည် အနည်းငယ်တိမ်းစောင်းနေကြောင်း ယနေ့နံနက်ပိုင်းတွင် ဒေသခံတာဝန်သိပြည်သူများ သတင်းပေးပို့ချက်အရ တာဝန်ရှိသူများသည် ဒေသခံတာဝန်သိပြည်သူများနှင့်အတူ H-Pole ကွန်ကရစ်ဓာတ်တိုင် အမှတ်(၂၄၉)အား သွားရောက်စစ်ဆေးခဲ့ရာ KIA လက်နက်ကိုင်အဖွဲ့၏ ဖျက်ဆီးမှုကြောင့် ကွန်ကရစ်တိုင်တစ်ဖက်သည် အောက်ခြေမှ တစ်ပေခွဲခန့် နေရာတွင် ပြတ်ကျပြီး အင်္ဂတေများ ပွဲ့ကျကာ အတွင်းရှိ သံချောင်းများ ကွေးလိမ်သွားခဲ့ကြောင်း၊ ကျန်အခြားတစ်ဖက် ကွန်ကရစ်တိုင်တွင်လည်း မိုင်းဟုယူဆရသော မသင်္ကာဖွယ်ရာ ပစ္စည်းများ တွေ့ရှိရသဖြင့် နယ်မြေခံတာဝန်ရှိသူများနှင့် ပူးပေါင်းပြီး ရှင်းလင်းလျက်ရှိကြောင်း၊ အဆိုပါ H-Pole ကွန်ကရစ်ဓာတ်တိုင်အား အမြန်ဆုံးပြုပြင်ရန် စီစဉ်လျက်ရှိကြောင်းနှင့် KIA လက်နက်ကိုင်အဖွဲ့က ယင်းသို့ တာဝါတိုင်များအား ဖောက်ခွဲဖျက်ဆီးခြင်းအားဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကို ထိခိုက်လျော့နည်းမှုဖြစ်ပေါ်စေပြီး ပြည်သူလူထုအတွက် အခက်အခဲများ ပိုမိုဖြစ်ပေါ်စေလျက်ရှိကြောင်း အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

KIA လက်နက်ကိုင်အဖွဲ့၏ မိုင်းခွဲဖျက်ဆီးမှုကြောင့် နမ့်ခမ်း-မူဆယ် ၆၆ ကေဗွီ ဓာတ်အားလိုင်းရှိ H-Pole ကွန်ကရစ်ဓာတ်တိုင်အမှတ်(၂၄၉) ပျက်စီးနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

KIA လက်နက်ကိုင်အဖွဲ့၏ မိုင်းခွဲဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်းရှိ တာဝါတိုင်များအား ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၂၅

KIA လက်နက်ကိုင်အဖွဲ့က မေ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည့် ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ် (၇၃)၊ (၂၀၆)၊ (၂၀၇)နှင့် (၂၀၈)တို့အား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဝန်ထမ်းများက အမြန်ပြုပြင်ပြီးစီးနိုင်ရေးအတွက် ဝန်ထမ်းအင်အား ၁၆၆ ဦးဖြင့် ဆောင်ရွက်ခဲ့ရာ တာဝါတိုင်များသို့ လုပ်ငန်းသုံးပစ္စည်းများအားလုံး ရောက်ရှိပြီးဖြစ်ကာ တာဝါတိုင်အမှတ် (၇၃)သည် ၈၀ ရာခိုင်နှုန်း၊ တာဝါတိုင်အမှတ် (၂၀၆)၊ (၂၀၇)၊ (၂၀၈)တို့သည် ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ မေလကုန်တွင် ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေးအတွက် လက်ရှိဖြည့်တင်းလည်ပတ်နေသော မီးစက်များအပြင် ပြည်ပမှ ထပ်မံမှာယူထားသော 500KVA မီးစက် ငါးလုံး၊ 300KVA မီးစက် ခြောက်လုံးသည် မေ ၂၃ ရက်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ညတွင်းချင်း ရန်ကုန်မြို့သို့ 500KVA နှစ်လုံး၊ မန္တလေးမြို့သို့ 500KVA နှစ်လုံး၊ 300KVA ခြောက်လုံး၊ ပြည်မြို့သို့ 500KVA တစ်လုံးတို့အား မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးခဲ့ရာ မေ ၂၄ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိနေရာချထားပြီး လိုအပ်သောနေရာများတွင် နေရာချထားပြီးဖြစ်၍ အမြန်ဆုံး လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးရန် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ ကျောဖုံးမှ

၅။ ရွှေလီဖက်စပ်ကုမ္ပဏီမှ မြန်မာ-တရုတ်နှစ်ဖက်လုံးသို့ လျှပ်စစ်ဓာတ်အား ရောင်းချရငွေများအပေါ်တွင် အခွန်ဥပဒေအရ ရရှိမည့်အခွန်အခအားလုံးကို မြန်မာနိုင်ငံကရရှိပါသည်။

၆။ ချီဗွေငယ်စက်ရုံစက်တပ်ဆင်အား ၉၉ မဂ္ဂါဝပ်သည် စက်ရုံပြီးစီးနေပြီဖြစ်သော်လည်း လုံခြုံရေးအခြေအနေများကြောင့် စက်လည်ပတ်နိုင်ခြင်း မရှိသေးပါ။

၇။ ယခုအချိန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်ဆောင်ရွက်သော ရေအားလျှပ်စစ်စီမံကိန်းများလည်း မည်သည့်စီမံကိန်းမှ ကောင်းမွန်စွာ စတင်အကောင်အထည်ဖော်တည်ဆောက်နိုင်ခြင်းမရှိသေးကြောင်း ပြည်သူများအား အသိပေးတင်ပြအပ်ပါသည်။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

အင်္ဂလိပ်စာအခြေခံ ကျွမ်းကျင်မှုသင်တန်းဆင်းပွဲနှင့် ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၂၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန၏ အင်္ဂလိပ်စာအခြေခံကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၁/၂၀၁၂) သင်တန်းဆင်းပွဲနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း အမှတ်စဉ်(၂/၂၀၁၂) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ပွင့်ဆန်း တက်ရောက် အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

လေ့လာဖတ်ရှု

ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာ၌ ဘာသာရပ်ဆိုင်ရာ စာအုပ်များ လေ့လာဖတ်ရှုရာတွင် လည်းကောင်း၊ ကမ္ဘာတွင် ဖြစ်ပေါ်နေသောအရာများကို ဆန်းစစ်ရာတွင် လည်းကောင်း၊ နိုင်ငံတကာဈေးကွက် ရှာဖွေရာတွင်လည်းကောင်း၊ နိုင်ငံခြား ကုန်သွယ်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ရာတွင် လည်းကောင်း၊ နိုင်ငံတကာပြဿနာများ ညှိနှိုင်းဖြေရှင်းရာတွင်လည်းကောင်း အင်္ဂလိပ်ဘာသာရပ်သည် မရှိမဖြစ် အရေးပါလာသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ဌာနတွင်းဝန်ထမ်းများအနေဖြင့် အင်္ဂလိပ်စာ အခြေခံကျွမ်းကျင်မှု ရှိရမည်ဖြစ်သကဲ့သို့ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ပြီး ဝန်ထမ်းများ စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများကို နှစ်စဉ် စဉ်ဆက်မပြတ် ဖွင့်လှစ်ခဲ့ကြောင်း၊ သင်တန်းတွင် ကုန်သွယ်မှုဆိုင်ရာ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ လိုင်စင် လက်ခံထုတ်ပေးခြင်းဆိုင်ရာများ၊ ငွေစာရင်းဆိုင်ရာများ၊ ပို့ကုန်သွင်းကုန် စာရင်းဇယားဆိုင်ရာများ၊ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမူဝါဒများ၊ အိမ်နီးချင်း နိုင်ငံများ၏ ကုန်သွယ်မှုဆိုင်ရာမူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို နားလည် ကျွမ်းကျင်အောင် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အင်္ဂလိပ်စာအခြေခံ ကျွမ်းကျင်မှုသင်တန်းဆင်းပွဲတွင် ဆုများရရှိခဲ့ကြသူများအား ဒုတိယဝန်ကြီးက ဂုဏ်ပြုဆုများချီးမြှင့်ပြီး သင်တန်းဆင်း လက်မှတ်များကို နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးက ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အင်္ဂလိပ်စာအခြေခံ ကျွမ်းကျင်မှုသင်တန်းကို ရက်သတ္တ သုံးပတ်ကြာ သင်ကြားပို့ချခဲ့ပြီး သင်တန်းသား သင်တန်းသူ၂၀ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် မေ ၂၅

မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ချစ်ကြည်ရေးအစီအစဉ်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုကော်မတီနှင့် ကိုရီးယားသမ္မတနိုင်ငံ လွှတ်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ယနေ့ နံနက် ၉ နာရီက မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ရှိုင်ရယ်မင်္ဂလာဒုံ ဂေါက်အင်ကမ်းထရီးကလပ်၌ ကျင်းပရာ အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ အမျိုးသားလွှတ်တော်အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးဝင်းနောင်၊ အတွင်းရေးမှူး ဦးဆွေအောင်၊ အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပ အလုပ်သမားရေးရာကော်မတီနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း ကော်မတီဥက္ကဋ္ဌ ဒေါက်တာမြင့်ကြည်၊ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဦးနု၊ National Assembly Republic of Korea ၏ Member Mr.Lee Hansung နှင့် တာဝန်ရှိသူများ၊ ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ Mr.Lee Hansung (Member of National Assembly Republic of Korea) က နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမျိုးသားလွှတ်တော် ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကား ပြောကြားသည်။ ယင်းနောက် ဒေါက်တာခင်ရွှေနှင့် Mr.Lee Hansung တို့ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး(အပေါ်ပုံ) အပြန်အလှန်လဲလှယ်ကာ အမှတ်တရဓာတ်ပုံ ရိုက်ကြသည်။

နှစ်နိုင်ငံချစ်ကြည်ရေးအစီအစဉ်အရ ပညာရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

...၏ မိုင်းခွဲဖျက်ဆီးမှုကြောင့် ...စ် မဟာဓာတ်အားလိုင်းရှိ ...ပြုပြင်ဆောင်ရွက်လျက်ရှိ

... မေ ၂၅

...တို့တွင် ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည့် ရွှေလီ-...(၂၀၇)နှင့် (၂၀၈)တို့အား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ...အား ၁၆၆ ဦးဖြင့် ဆောင်ရွက်ခဲ့ရာ တာဝါတိုင်များသို့ လုပ်ငန်း ...(၇၃)သည် ၈၀ ရာခိုင်နှုန်း၊ တာဝါတိုင်အမှတ် (၂၀၆)၊ (၂၀၇)၊ ...ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

...က်ရှိဖြည့်တင်းလည်ပတ်နေသော မီးစက်များအပြင် ပြည်ပမှ ...မီးစက် ခြောက်လုံးသည် မေ ၂၃ ရက်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ...လုံး၊ မန္တလေးမြို့သို့ 500KVA နှစ်လုံး၊ 300KVA ခြောက်လုံး၊ ... ဆက်လက်ပို့ဆောင်ပေးခဲ့ရာ မေ ၂၄ ရက် မွန်းလွဲပိုင်းတွင် ...တားပြီးဖြစ်၍ အမြန်ဆုံး လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးရန် **(သတင်းစဉ်)**

...လျှပ်စစ်ဓာတ်အား ရောင်းချရငွေများအပေါ်တွင် အခွန်ဥပဒေ ...ည်။

...စက်ရုံပြီးစီးနေပြီဖြစ်သော်လည်း လုံခြုံရေးအခြေအနေများ

...သာ ရေအားလျှပ်စစ်စီမံကိန်းများလည်း မည်သည့်စီမံကိန်းမှ ...နိုင်ခြင်းမရှိသေးကြောင်း ပြည်သူများအား အသိပေးတင်ပြ

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၅-၂၀၁၂ (စနေနေ့)

နံနက်ပိုင်း

၅း၂၀	MRTV-4 သတင်း
၅း၄၀	**လူပ်တာထဲမှာ မလှုပ်တာရှာ** တရားတော် (ဆရာတော် အရှင်ဆန္ဒာဓိက)
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၃၃)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၇)
၁၁း၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၁၉)
၂း၀၀	MRTV-4 သတင်း
၂း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign of Love **အချစ်သင်္ကေတ** (အပိုင်း-၇)
၃း၀၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၇)
၆း၀၀	MRTV-4 သတင်း
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၃၄)
၈း၀၀	MRTV-4 သတင်း
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၄၈)
၁၀း၄၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နှလုံးသားပုံဖော်ရာ** (အပိုင်း-၂၀)

ရတနာစည်ပုလဲရတု

ရတနာစည်ဆရာတော်(လှိုင်လင်)

ရတုအဓိပ္ပာယ်

"ရတု"ကို မြန်မာအဘိဓာန်က အဓိပ္ပာယ်လေးမျိုး ဖွင့်ဆိုရာတွင် တစ်မျိုးမှာ "ဆိုင်ရာ ရာသီဥတု၌ ကျင်းပသည့် ပွဲလမ်းသဘင်"ဟု ဖြစ်၏။ ယနေ့ကာလသော်မူ လူပုဂ္ဂိုလ်၊ အသင်းအဖွဲ့၊ အဆောက်အအုံစသည်တို့၏ မွေးနေ့ (သို့မဟုတ်) စဦးရက်၊ လ၊ ရာသီကိုအကြောင်းပြုကာ ကျင်းပသည့် ပွဲသဘင်များ၌ ရတုဟူသော ဝေါဟာရကို အသုံးပြုလာကြပြီး (၂၅)နှစ် ငွေရတု၊ နှစ်(၅၀) ရွှေရတု၊ (၇၅)နှစ် စိန်ရတု စသည်ဖြင့် ရတနာနှင့်ရတု တွဲစုသည့် ဝေါဟာရများ ပြန့်ပွားလာခဲ့ပါသည်။

ငွေရွှေစိန်

ယင်းဝေါဟာရများကို တစ်နည်းတစ်ဖုံစဉ်းစားလျှင် အရွယ်ဖြင့် ပိုင်းခြားထားသကဲ့သို့ တွေးမြင်ရ၏။ ပထမအရွယ်သည် ငွေ၊ ဒုတိယအရွယ်သည် ရွှေ တတိယအရွယ်သည် စိန်ဟု ဖြစ်ပါမည်။ ငွေသည် လူသားအားလုံး အနည်းနှင့်အများပိုင်ဆိုင်သည့်အရာဖြစ်သလို ပထမအရွယ်(၂၅)နှစ်အတွင်း လူသားအားလုံး "ပထမအရွယ်-ပညာ"ဆိုထုံးအတိုင်း အနည်းနှင့်အများ ပညာရှာနေကြရပါမည်။ ဒုတိယအရွယ် အသက်(၅၀)အတွင်း လူသားအားလုံး "ဒုတိယအရွယ်-ဥစ္စာ" ဆိုထုံးအတိုင်း ပစ္စည်းဥစ္စာရှာနေကြရပါမည်။ တတိယအရွယ် အသက်(၇၅) နှစ်သော်ကား "တတိယအရွယ်-ဘာဝနာ" ဆိုထုံးအတိုင်း တရားဘာဝနာ ရှာဖွေကြရပါတော့သည်။

ထို့ကြောင့် ပညာသည် အရင်းခံ၊ ဥစ္စာသည် တစ်ဆင့်ခံ၊ ဘာဝနာသည် အနှစ်အမှန်ဟု မှတ်သားကျင့်ပွားနိုင်ကြရပါတော့သည်။

ပုလဲ ပတ္တမြား

ယင်းအပြင် နှစ်(၃၀)ပြည့်လျှင် ပုလဲရတု၊ နှစ်(၆၀)ပြည့်လျှင် ပတ္တမြားရတုဟူ၍လည်း ကျင်းပလေ့ရှိကြပြန်ရာ ဤအရှင်တို့ စဦးတည်ထောင်ခဲ့သည့် ရတနာစည်စာသင်တိုက် တိုက်တည်သက် နှစ်(၃၀)ပြည့် ပုလဲရတုကိုလည်း ယခုကဆုန်လနှောင်းပိုင်းတွင် ကျင်းပရမည့်အနေအထား ရောက်ရှိလာပါတော့သည်။

ဖြတ်သန်းကာလများ

ဒေသန္တရဗဟုသုတခရီးအဖြစ် ရှမ်း(တောင်) လှိုင်လင်မြို့သို့ ခေတ္တရောက်ရှိခိုက်မှာပင် ကျောင်းတစ်ဆောင်တည်ထောင်ကာ ပရိယတ္တိသာသနာအကျိုးကို မဖြစ်မနေသယ်ပိုးရမည့် အနေအထားရောက်ရှိလာပြီး အရပ်ဘက် မူလကျောင်းဒါယကာများနှင့်အတူ စေတနာရှင်များ၏ အားပေးပံ့ပိုးမှုများဖြင့် ရတနာစည်ကျောင်းဟု နာမသစ်မှည့်ခေါ်အပ်သော ကျောင်းသစ်တစ်ကျောင်းသည် ၁၉၈၂ ခုနှစ်တွင် စတင်မျိုးစေ့ကျ ပေါက်ဖွားခဲ့ရပြီ။

ထိုကာလ၊ ထိုအချိန်၊ ထိုခေတ်တွင် အထင်သာ၊ အမြင်သာဆုံးသော ပုံရိပ်ကြီးကား လှိုင်လင်တစ်ခွင်သာမက ရှမ်းပြည်နယ်တစ်ခုလုံး၌ပါ လက်နက်ကိုင်ပဋိပက္ခများ၏ ရုပ်သွင်များပင်ဖြစ်ခဲ့၏။ ယင်းရုပ်သွင်များ၏ ခြောက်လှန့်မှုအရသောကတွေ နေဆယ်စင်း ရင်တွင်းလောင်ကျွမ်းခံရသူများကတော့ ဒေသခံပြည်သူများသာဖြစ်ခဲ့ပြီ။ ထို့ကြောင့်ပင် ထိုစဉ်ကတည်းက ဒေသခံပြည်သူတို့၏ ဆန္ဒအစစ်အမှန်သည် ငြိမ်းချမ်းရေးမှ ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးမှတစ်ပါး အခြားဘာမျှမလိုအပ်ဟု ဖြစ်ခဲ့ပြီ။

ယင်းသို့သော ဒေသခံပြည်သူတို့၏ဆန္ဒကို အမှန်တကယ် ထိထိရောက်ရောက် အကောင်အထည်ဖော်ပေးနိုင်သူများကား မည်သူဟူ၍ ကမ္ပည်းတင်စရာမလိုတော့ပါ။ ၁၉၉၀ ပြည့်လွန်သက္ကရာဇ်များက စကားပြောပြီးဖြစ်ခဲ့ပါပြီ။

ဤသို့ဤပုံ ၁၉၉၀ ပြည့်လွန်ကာလများကတည်းက စတင်ငုံဖူးခဲ့သည့် ငြိမ်းချမ်းရေးပန်းသည် ယနေ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ဒီမိုကရေစီခေတ်ဦးကာလတွင်သော်မူ ငုံရာမှ ဖူး၊ ဖူးရာမှ ပွင့်၊ ပွင့်ရာမှ ဝင့်ဝံပြီး မြင့်မြသည့် ထာဝရငြိမ်းချမ်းရေးရနံ့ကို ဖြန့်နိုင်သော အနေအထားရောက်ရှိလာ၏။

သာသနာရေးရာများ

သာသနာရေးရာများလည်း ခေတ်ကာလအခြေအနေများနှင့်အတူ ပိုမို၍ သန့်ရှင်းတည်တံ့ပြန့်ပွားလာကာ ရတနာစည်ကျောင်းသည်လည်း ကျောင်းမှ ကျောင်းတိုက်သို့၊ ကျောင်းတိုက်မှစာသင်တိုက်သို့ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းလာနိုင်ခဲ့၏။

လွယ်လွယ်လေးတော့မဟုတ်ပါ

ဤသို့ဆိုသောကြောင့် စာသင်တိုက်တစ်တိုက် လွယ်လွယ်လေးဖြစ်လာတာပါလားဟုကား အထင်မပေါ့စေလိုပါ။ ဤအရှင်တို့နှင့် အခြားအခြားသော ဆရာတော်အများအပြားတို့ပါ သူ့အခက်အခဲနှင့်သူ ရှိကြသည်ချည်း၊ ဖြတ်ကျော်ခဲ့ရသည်ချည်းသာဖြစ်ပါသည်။

သာသနာရေးရာ ကျောင်း၊ ကျောင်းတိုက်၊ စာသင်တိုက်၊ ကမ္မဋ္ဌာန်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပရဟိတကျောင်း၊ သီလရှင်သင်ပညာရေးကျောင်းစသည်များ အားလုံး ခရီးသွားဟန်လွှဲလွယ်လွယ်လေး၊ ပေါ့ပေါ့လေး ဖြစ်တည်လာသည်ဟူ၍တော့ နတ္ထိ၊ မရှိပါ။

လောကရေးရာ

သာသနာရေးရာ၌ပင် ယင်းသို့သောအခြေအနေမျိုး ဖြစ်တည်နေသေးလျှင် လောကရေးရာများသော်မူ အထူးပြောဖွယ်မရှိတော့ပါ။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည်လည်း အစိုးရအလျောက်၊ လွှတ်တော်များသည်လည်း လွှတ်တော်များ အလျောက်၊ တပ်မတော်သည်လည်း တပ်မတော်အလျောက်၊ ပါတီများသည်လည်း ပါတီများအလျောက်၊ အဖွဲ့အစည်းများသည်လည်း အဖွဲ့အစည်းများအလျောက်၊ ပြည်သူများသည်လည်း ပြည်သူများအလျောက် လွယ်လွယ်လေးတွေတော့ မဟုတ်ကြတန်ရာ။ သူ့ဌေးသူကြွယ် ကုန်သည် လယ်လုပ် ဓားမခုတ်များပါမကျန် အသီးသီး အသကအသက အခက်အခဲတွေကို ကျော်ကြ၊ လွှားကြ၊ ဖြတ်သွားကြရသည်ချည်းသာ ဖြစ်ပါသည်။

ကိုယ်ချင်းစာ တံတား

သာသနာရေး၊ လောကရေး အရေးရေးအရာရာဝယ် "ကိုယ်ချင်းစာ" ဟူသော သဘောတရားတစ်ခုသည် တံတားသဖွယ် ဖြစ်တည်နေ၏။ ယင်းကိုယ်ချင်းစာတံတားသည် "သူနှင့်ကိုယ်"ဟူသော နှစ်ဦးနှစ်ဖက်လုံး ဖြတ်သန်းရင်းမျက်နှာချင်းဆိုင်ဆုံရမည့် ဆုံစည်းရာဆုံမှတ်ဖြစ်ပါသည်။ ထို့ကြောင့် နှစ်ဦးနှစ်ဖက်လုံး ကိုယ်ချင်းစာတရား ရှေးရှုထားကြလျက်သာ ဆုံမှတ်မှာ ဆုံစည်းရင်း အခက်အခဲ၊ အကျပ်အတည်းများကို ကျော်လွှားကြရပါမည်။

ကိုယ်၊ ကိုယ့်ဘက်၊ ကိုယ့်အမြင်ကိုသာ တွင်တွင်ကြီး ဆုပ်ကိုင်မထားမူဘဲ သူ၊ သူ့ဘက်၊ သူ့အမြင်ကို သူ့ကိုယ်စား ခံစားတတ်သည့် ကိုယ်ချင်းစာတံတား တစ်စင်း တည်ဆောက်ပြီးမြောက်သည်နှင့်တစ်ပြိုင်နက် အထုံးသည် ပြေ၍ အဖုသည် ညီသွားကာ ချောမွေ့ရလဒ်ဖြစ်ထွန်းလာမည် ဧကန်ဖြစ်ပါသည်။

ချောမွေ့ရလဒ်

ယနေ့ကာလဝယ် နိုင်ငံတော်အစိုးရနှင့် ပါတီများအနေဖြင့် မတူတာတွေ ဘေးဖယ်ထား၊ တူတာတွေမှာ အတူကြိုးစားရင်း ကိုယ်ချင်းစာတံတားဆုံမှတ်ဝယ် ယုံမှတ်ကြည်သာနိုင်ကြ၍ နိုင်ငံရေးတည်ငြိမ်မှု ရရှိပြီးဖြစ်ခြင်း၊ နိုင်ငံတော်အစိုးရနှင့် လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ထိုနည်းလည်းကောင်းပင် ငြိမ်းချမ်းရေးပွင့်လန်းမှုရရှိနေခြင်း စသည့် ရလဒ်များသည် ဒီမိုကရေစီခရီးဦးအတွက် ချောမွေ့ရလဒ်များပင်ဖြစ်တော့သည်။

သာသနာရေး၊ လောကရေး အရေးရေးအရာရာတို့၌ ကိုယ်ချင်းစာ တရားဖြင့်သာ လက်တွဲနေကြရပါမည်။

နက်ရှိုင်းအင်အား

ကိုယ်ချင်းစာတရားဟူသည် တကယ်တော့ "ခန္တီ မေတ္တာ ဗလေန စ" ပါဠိအရ သည်းခံစိတ်ရှည်ခြင်းနှင့် ခင်မင်ရင်းနှီးခြင်း၏ နက်ရှိုင်းအင်အားပင် ဖြစ်ပါသည်။ ယင်းနက်ရှိုင်းအင်အားကို ကျင့်သုံးနိုင်လေလေ အရာရာအောင်မြင်လေလေဟူသည့် လောကနိယာမတစ်ရပ်က ထာဝရတည်ရှိနေသည်မဟုတ်လော။ သူ 'တော်' အောင် ကိုယ်က 'ကောင်း' ပေးနိုင်လျှင် သူတော်ကောင်းဟူသည့် လူတော်၊ လူကောင်းတွေပြည့်နေသော ကမ္ဘာကြီးပေါ်ထွန်းလာပြီး ကိုယ့်ဘက်၊ သူ့ဘက် ကိုယ်ချင်းစာတရားတွေ လွှမ်းခြုံလည်ပတ်နေကာ သည်းခံစိတ်ရှည်ခြင်းနှင့် ခင်မင်ရင်းနှီးခြင်းဆွဲငင်အားတို့ဖြင့် အလှဆုံးကမ္ဘာအဖြစ်သို့တိုင် ရောက်ရှိနိုင်သော နက်ရှိုင်းအင်အားဖြစ်ပါသည်။

ပုလဲရတု ကောင်းမှုမင်္ဂလာ

စာသင်တိုက်စတည်သက် နှစ် (၃၀) ပြည့်အထိ ဖြတ်သန်းကာလများ တစ်လျှောက် ခန္တီမေတ္တာအင်အားကို အတတ်နိုင်ဆုံး ကြိုးစားရယူရင်း ဆရာဟောင်း၊ ဆရာသစ်၊ တပည့်ဟောင်း၊ တပည့်သစ်၊ ဒကာဟောင်း၊ ဒကာသစ်များ ပေါင်းစည်းအားအရ ဖြူဆွတ်သောပုလဲရတုကောင်းမှုမင်္ဂလာ သဘင်ဆင်ယင် ကျင်းပနိုင်သောအနေအထား ရောက်ရှိလာပါပြီ။

ပထမရက်တွင် လှိုင်လင်မြို့ပေါ် ကျောင်း၊ ကျောင်းတိုက်များရှိ ရဟန်းသာမဏေ အပါး ၃၀၀ ကျော်တို့အားလည်းကောင်း၊ ဒုတိယရက်တွင် မိုးနဲ၊ နမ့်စန်၊ ပင်လုံ၊ လဲချား၊ မိုင်းကိုင်၊ ကျေးသီးမြို့နယ်များမှ ပင့်ကျောင်းဆရာတော် အပါး ၃၀ နှင့် ကျောင်းတွင်းရဟန်းသာမဏေများအားလည်းကောင်း အရုဏ်ဆွမ်း၊ နေ့ဆွမ်းလှူဒါန်းလျက် လျောက်ပတ်သော လှူဖွယ်များ၊ အနာမာသများ ဆက်ကပ်ကာ တတိယရက်မှာမူ ဆရာဟောင်းဖြစ်ပါသော နိုင်ငံတော်သြဝါဒစရိယ လားရှိုးမြို့ မဟာဗောဓာရုံဆရာတော်ကြီး၊ သာသနာပြုဖက်ဖြစ်ပါသော နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် လှိုင်လင်မြို့ ဓာတ်တော်ဆရာတော်စသည့် ဆရာတော်အပါး ၃၀ တို့အား ပုနော့ပသမ္ဘဒမင်္ဂလာခေါ်ကံထပ်ကောင်းမှုဖြင့် ပူဇော်၍ တစ်ပါးလျှင် အလှူတော်ငွေကျပ် သုံးသိန်း လှူဒါန်းပြီး မြို့နယ်၊ ခရိုင် နိုင်ငံတစ်ဝန်း အေးချမ်းပါစေကြောင်း ရေစက်လောင်းရင်း စုပေါင်းကုသလ မြတ်ပုညကို အမျှပေးဝေနိုင်ကြပါပြီ။

ပုလဲရတုအနှစ်

သို့ဖြင့် ပုလဲရတုခရီး အပိုင်းအစလေးများ၏ အနှစ်အသားအဖြစ် ဆောင်ပါးအပ်နှင်းလိုသော ရှောင်ရန်ဆောင်ရန်မှာ အောက်ပါဆောင်ပုဒ်ဖြစ်ပါသတည်း။

ဒေါသရှေ့ထား မှား
မာနရှေ့တက် ပျက်
လုံ့လရှေ့ဆောင် အောင်
ပညာရှေ့ရံ မှန်

ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးရေးဆောင်ရွက်

ပုဏ္ဏားကျွန်း မေ ၂၅

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးလှဘော်သူသည် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာန၊ မြန်မာ့နှစ်ရှည်ပင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပိုးရှိုပြင် ရဲစခန်းမှူးတို့ ပူးပေါင်းလျက် ပေါက်တောပြင်၊ သက္ကျုံးတောင်၊ ဆင်သည်ပိန္နဲတော ကျေးရွာအုပ်စုများတို့သို့ မေ ၁၈ ရက်မှ ၂၀ ရက်အထိ ကျေးလက်လူမှု စီးပွားဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ပေါင်းစပ်ညှိနှိုင်း

အဆိုပါအဖွဲ့သည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့် အိမ်ထောင်စုစာရင်းများ ပြုစုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးခြင်းနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်များကို ကျေးလက်နေပြည်သူများအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

❒ ကျော့ဖုံးမှ

ရထားကို တောင်ကိုရီးယားနိုင်ငံ ချန်ဝမ်မြို့ဘူတာရုံမှ ဂျင်ယန်ဘူတာရုံသို့ စမ်းသပ်မောင်းနှင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်။

ယင်းမြန်နှုန်းမြင့်ရထားသည် ယခင်ထုတ်လုပ်ခဲ့သော ကေတီအက်စ်အမျိုးအစား အမြန်ရထားများထက် ပိုမိုမြန်ဆန်သည်။ ရထားတွဲများအတွင်း အယ်လ်အီးဒီ ရုပ်မြင်သံကြားများ တပ်ဆင်ပြီး ထိုင်ခုံများလည်း လေယာဉ်ထိုင်ခုံများအတိုင်း ပြုလုပ်ထားခြင်းဖြစ်သည်။ ၎င်းမြန်နှုန်းမြင့် ရထားပြေးဆွဲခြင်းသည် တောင်ကိုရီးယားနိုင်ငံသားတို့၏ သယ်ယူပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်လိုက်ခြင်းဖြစ်ကြောင်း၊ ဆိုးလ်မြို့နှင့် ဘူဆန်မြို့အကြား ၂၅ မိနစ်သာ မောင်းနှင်သွားလာနိုင်တော့မည်ဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

ထို့အတူ ဆိုးလ်မြို့တော်နှင့် ဒေဂူမြို့အကြား မြန်နှုန်းမြင့်ရထားဖြင့် သွားလျှင် အချိန် ၁ နာရီ ၆ မိနစ်သာ ကြာမည်ဖြစ်သည်။ တစ်ဖန် ဆိုးလ်မြို့နှင့် ဂန်ကူမြို့သို့ မောင်းနှင်လျှင် ၁ နာရီနှင့် ၅၂ မိနစ်သာ ကြာမြင့်တော့မည်ဖြစ်သည်။ ယင်းမြန်နှုန်းမြင့် ရထားသည် အမြင့်ဆုံး တစ်နာရီ ကီလိုမီတာ ၄၃၀ နှုန်း မောင်းနှင်နိုင်သော်လည်း အများအားဖြင့် တစ်နာရီ ကီလိုမီတာ ၄၀၀ နှုန်းဖြင့်သာ မောင်းနှင်မည်ဖြစ်သည်။ ဂျပန်နိုင်ငံတွင် ပြေးဆွဲနေသော အမြန်ဆုံးကျည်ဆန်ရထား မှာ တစ်နာရီလျှင် ၄၄၃ ကီလိုမီတာဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ ***(အင်တာနက်)***

ခုတင် (၁၀၀)ဆေးရုံ အုတ်မြစ်စီမင်္ဂလာကျင်းပ

တောင်ကြီး မေ ၂၅

ရှမ်းပြည်နယ် တောင်ကြီးမြို့ မေတ္တာရှင်ကုသိုလ်ဖြစ် (အခမဲ့)ဆေးခန်းက ဦးစီး၍ အလှူရှင်များစုပေါင်းပါဝင်လှူဒါန်းမှုဖြင့်တည်ဆောက်မည့် ကုသိုလ်ဖြစ် (အခမဲ့)ခုတင်(၁၀၀)ဆေးရုံ၊ သုံးထပ်အဆောက်အအုံ အုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို မေ ၂၃ ရက် နံနက် ၉ နာရီ ၁၈မိနစ်က အဆိုပါဆေးရုံ ဆောက်လုပ်မည့် ကံသာရပ်ကွက်ရှိ မြေနေရာတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ မေတ္တာရှင်အသင်းနာယကနှင့်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များက မင်္ဂလာအချိန်တွင် အုတ်မြစ်စီပေးကြသည်။

အဆိုပါကုသိုလ်ဖြစ် (အခမဲ့)ခုတင် ၁၀၀ ဆေးရုံကို သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံအဖြစ် ဆောက်လုပ်မည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုပါက မေတ္တာရှင်အသင်း တည်နေရာ နဂါးပွက်ကျောင်း စိန်ပန်းရပ် တောင်ကြီးမြို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **တောင်ကြီး(ကိုယ်ပွား)**

သုံးခွမြို့နယ်၌ အလင်းအိမ်စာကြည့်တိုက်ဖွင့်

ရန်ကုန် မေ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ဇွဲထော်ကျေးရွာတွင် အလင်းအိမ်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၈ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်ထွေး၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်များ စံ(၅)ရပ်နှင့်ညီပြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင်တိုးပွားရေးနှင့် စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေး ဟောပြောသည်။

လက်ခံယူ

ဆက်လက်၍ စာအုပ်စာစောင် လှူဒါန်းပွဲကျင်းပရာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းက စာအုပ်စာစောင် ၁၀၀၊ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မညိုနှင့် ဇွဲထော်ကျေးရွာ ပြည်သူများက စာအုပ်စာစောင်များ လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

အဆိုပါ စာကြည့်တိုက် အဆောက်အအုံကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက ပံ့ပိုးငွေကျပ် ငါးသိန်း၊ ကျေးရွာနေပြည်သူများက ထည့်ဝင်ငွေကျပ် ၁၀ သိန်းဖြင့် အလျား ၁၉ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၁ ပေရှိ အုတ်ကြွပ်မိုး၊ အုတ်ကာ၊ တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ (၀၂၈)

သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးစည်းဝေး

စစ်တွေ မေ ၂၅

၂၀၁၂ ခုနှစ် အမျိုးသားပတ်ဝန်းကျင်လှုပ်ရှားမှု ပြည်နယ်အဆင့်အသိပေးဆွေးနွေးပွဲ ထောင်စုနှစ်ရည်မှန်းချက် ပြည့်မီစေရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးကြိုတင်ပြင်ဆင်သည့်အစည်းအဝေးကို မေ ၁၆ ရက် မွန်းလွဲ ၂ နာရီက စစ်တွေမြို့ ရခိုင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဒေါက်တာသန်းထွန်းအောင်က ရခိုင်ပြည်နယ်အတွင်း အုပ်စုအလိုက် ဘက်စုံအညွှန်းကိန်း စစ်တမ်းကောက်ယူမှု ရလဒ်များအပေါ်အခြေခံပြီး ၂၀၁၂ခုနှစ် အမျိုးသားပတ်ဝန်းကျင်လှုပ်ရှားမှုဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းစဉ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)** ယင်းနောက် တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက အကြံပြုဆွေးနွေးတင်ပြကြပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

ကျူးကျော်ဆိုင်များကြောင့် လမ်းပိတ်ဆို့

စာတည်းရှင့်-

မန္တလေးမြို့နယ် ၇၂×၇၃ ကြား လမ်း ၄၀ ပေါ်တွင် ကျူးကျော်ဆိုင်များဆောက်လုပ်ငှားရမ်းထားရာ အဆိုပါဆိုင်များသို့ လာရောက်သော ကား၊ ဆိုင်ကယ်များကြောင့် လမ်းပိတ်ဆို့ပြီး မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်နေပါ၍ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ယာဉ်အန္တရာယ်စိုးရိမ်သူ**

ညှော်နံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သီလ (၁၀)လမ်းရှိ အိမ်တစ်အိမ်၏ စီးပွားဖြစ်အကြော်မျိုးစုံလုပ်ငန်း အကြော်ဖိုမှထွက်သော ညှော်နံ့ဆိုးများ၊ မီးခိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများမှာ ကျန်းမာရေးထိခိုက်ရသည့်အပြင် မီးဘေးအန္တရာယ်စိုးရိမ်ရပါသဖြင့် အဆိုပါအကြော်ဖိုအား ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **တောင်ဥက္ကလာသား**

ဝက်ခြံမှအနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

စာတည်းရှင့်-

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၉)ရပ်ကွက် အောင်ဆုပန်လမ်းရှိ နေအိမ်တစ်အိမ်တွင် ဝက်များမွေးမြူထားရာ ဝက်ချေးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် ရပ်ကွက်အတွင်းမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **အောင်ဆုပန်လမ်းသား**

လွှန်ဆွဲလို့မိုးခေါ် နွှဲကြတူပျော်ပျော်

မန္တလေး မေ ၂၅

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်တွင် အလောင်းစည်သူမင်းကြီးသည် ငါးရံ့မင်းပုံသဏ္ဌာန်ပြုလုပ်၍ ငါးရံ့မင်းရုပ်တု စေတီတော်ကို ၁၀၉၅ ခုနှစ် မြန်မာသက္ကရာဇ် ၄၅၇ ခုနှစ်တွင် စတင်ထုလုပ်ပြီး ပူဇော်ခဲ့သည်။

အဆိုပါ ငါးရံ့မင်းရုပ်တုသည် ပြည်သူတို့အား အနာရောဂါဘေးအန္တရာယ်ရန်အပေါင်းကင်းစေသည်ဟု ယုံကြည်ကြသည်။ ထို့အပြင် မိုးလေဝသကောင်းရန်ရည်ရွယ်၍ ပူဇော်သည်။ ပူပြင်းခြောက်သွေ့သော ရာသီတွင် ပင့်ဆောင်ပူဇော်ပြီး မြန်မာ့ရိုးရာမိုးခေါ် လွှန်ဆွဲပွဲပြုလုပ်ပါက မိုးရွာတတ်သည်ဟု ယုံကြည်ကြသည်။

ထို့ကြောင့် မန္တလေးအောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက် ဇောင်းတော်ကျာဘုရားဂေါပကနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ မေ ၂၃ ရက် ညနေ ၅ နာရီက ၈၁ လမ်း ဘုရားရှေ့၌ မိုးခေါ်လွှန်ဆွဲပွဲကို တပျော်တပါးစည်ကားစွာကျင်းပခဲ့သည်။ ရှေးဦးစွာ ငါးရံ့မင်းရုပ်တုကို ရန်ကင်းတောင်မှ ပုလဲငွေရောင်ရပ်ကွက်အတွင်း လှည့်လည်အပူဇော်ခံသည်။

ထို့နောက် အမျိုးသားနှင့်အမျိုးသမီးများက အဆို၊ အက၊ အတီးအမှုတ်များဖြင့် တပျော်တပါး ခုနစ်ချီ ခုနစ်မောင်းအင်အားပြ မိုးခေါ်လွှန်ဆွဲပွဲ ကျင်းပကြသည်။ (အောက်ပုံ) အဆိုပါ မိုးခေါ်လွှန်ဆွဲပွဲကို သုံးရက်တိုင်တိုင်ကျင်းပခဲ့ကြောင်းသိရှိရသည်။ (၀၂၆)

ရှမ်းလမ်းဈေး ပြန်လည်တည်ဆောက်ရေး ဈေးသူ ဈေးသားများ၏ ဆန္ဒကိုခံယူ

သတင်းမှတ်စု-အဝယ်တော်ဖိုးထော်

ရန်ကုန် မေ ၂၅

မေ ၁၈ ရက်က မီးဘေးသင့်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ ရှမ်းလမ်းဈေး(ခ)ဝွဈေး ပြန်လည်တည်ဆောက်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဈေးသူဈေးသားများတွေ့ဆုံပွဲကို မေ ၂၄ ရက် နံနက်က ယင်းဈေးရှေ့ရှိ ရှမ်းလမ်းမွှောရုံ၌ ပြုလုပ်သည်။

ရှေးဦးစွာ ကော်မတီဝင် ဦးလှအေးက ဈေးသူဈေးသားများ၏ဆန္ဒ၊ ဈေးသာယာရေးကော်မတီ၏ဆန္ဒ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ ဆန္ဒသဘောထားများကို တောင်းခံပြီး အထက်အဖွဲ့အစည်းများသို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဈေးများဌာနမှူး ဦးချိုထွန်းအောင်က "အများဆန္ဒမပါဘဲ ကျွန်တော်တို့ ဘာတစ်ခုမှ မလုပ်ပါဘူး။ ဈေးကြီး မြန်မြန်ဆန်ဆန်တည်ဆောက်ပြီး ဈေးပြန်ထွက်နိုင်ဖို့ ကြိုးစားပေးသွားမှာ ဖြစ်ပါတယ်။ ဆန္ဒသဘောထားများကို မြို့တော်ဝန်က တိုင်းဒေသကြီးဝန်ကြီးချုပ်ကို တင်ပြပြီး အမြန်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဈေးသာယာရေးကော်မတီ၊ ဈေးသူဈေးသားအများစုနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ယခင်မီးသင့်ခဲ့ဖူးသော တောင်ဥက္ကလာပ ဟေမဝန်ဈေးရုံသစ်ကြီးပြန်တည်ဆောက်သကဲ့သို့ ယခု ရှမ်းလမ်းဈေးကြီးကိုလည်း မြေစိုက်တစ်ထပ်သံမဏိဈေးရုံကြီးအဖြစ် တည်ဆောက်ပေးရန် ဆန္ဒပြုခဲ့ကြသည်။

ရှမ်းလမ်းဈေးကြီးတွင် ဆိုင်ခန်းပေါင်း ၃၁၈ ခန်းရှိသည့်အနက် ဆိုင်ခန်းပေါင်း ၂၇၃ ခန်းပိုင်ရှင်တို့က မြေစိုက်တစ်ထပ် သံမဏိသံပေါင်ဈေးကြီးအဖြစ်တည်ဆောက်ပေးရန် သဘောတူလက်မှတ်ရေးထိုး တင်ပြထားကြောင်း ဈေးသာယာရေးကော်မတီဝင်တစ်ဦးထံမှ သိရသည်။

ရှမ်းလမ်းဈေးကြီးကို ယခင်က ဝွဈေးဟု လူသိများခဲ့သည်။ ၁၉၅၉-၁၉၆၀ ခုနှစ်က စတင်ဆောက်လုပ်ခဲ့ကြောင်း အသက် ၇၅ နှစ်အရွယ်ရှိ ဈေးအတွင်း၌နို့ဆီ၊ သကြားရောင်းသော အမေသိန်းက အတည်ပြုပြောကြားခဲ့သည်။

ရှမ်းလမ်းဈေးကြီးမှာ မေ ၁၈ ရက် နံနက် ၁ နာရီခန့်က မီးစတင်လောင်ကျွမ်းခဲ့ပြီး ဆိုင်ခန်းပေါင်း ၃၁၈ ခန်းရှိသည့်အနက် ဆိုင်ခန်းပေါင်း ၂၃၃ ခန်း မီးသင့်ခဲ့သည်။ သားငါးရုံတစ်ရုံသာကျန်ခဲ့ပြီး တန်ဖိုးငွေစုစုပေါင်း ငွေကျပ် ၃၄၉ ဒသမ ၅ သိန်းဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဈေးကြီးပြန်လည်တည်ဆောက်ပြီးသည်အထိ ဈေးပတ်လည်၌ ယာယီခင်းကျင်း၍ ရောင်းချခွင့်ပြုထားကြောင်း ဈေးသာယာရေးကော်မတီဝင် ဦးစန်းအောင်က ထိုအစည်းအဝေးအပြီးတွင် မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။ ။

ဟသ္သာတမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

ဟသ္သာတ မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီနှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၆ ရက် မွန်းတည့် ၁၂ နာရီက ဟသ္သာတမြို့ မြို့တော်ခန်းမ၌ကျင်းပသည်။ အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးလှမင်းက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏သားသမီးများအတွက် ပညာသင်စရိတ်နှင့်ထောက်ပံ့ငွေကျပ် ၂၃သိန်းကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဗိုလ်ကြီးကျော်သန့်(ငြိမ်း)ကပေးအပ်ရာ စစ်မှုထမ်းဟောင်းများ၏ ကိုယ်စား ကျောင်းသားမိဘတစ်ဦးကလက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၀၇၅)

မြန်မာ့အလင်း မှုခင်းသတင်း ၂၅-၅-၂၀၁၂

ဘီလူးချောင်းအတွင်း ရေကစားစဉ် အမျိုးသမီးငယ်သုံးဦး သေဆုံးခဲ့ရ

ကယားပြည်နယ် လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာအုပ်စု မှုံ့ပြာကျေးရွာအနီး ဘီလူးချောင်းထဲတွင် မေ ၂၁ ရက် နံနက် ၁၀ နာရီခန့်က အမျိုးသမီးငယ် လေးဦး ရေကစားကြစဉ် ရေနစ်ခဲ့ကြရာ တစ်ဦးကယ်ဆယ်နိုင်ခဲ့ပြီး သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လွိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်ရှိ ကယားဖူးမေတ္တာရိပ်မွန် မိဘမဲ့ဂေဟာနေ မနော်လေးမြာလူဒီး အသက် (၁၅)နှစ်၊ မပိုးစန္ဒာအောင် အသက် (၁၂)နှစ်၊ မနော်မေရီဂျူး အသက် (၁၇)နှစ်နှင့် မနိုရင်း အသက် (၁၃)နှစ်တို့သည် အတူနေအခြားကလေးငယ်များနှင့်အတူ ခရုကောက်ရန် ဘီလူးချောင်းသို့ ရောက်ရှိခဲ့ကြပြီး ရေကစားစဉ် ရေနစ်မြုပ်ကြခြင်းဖြစ်ခဲ့ရာ ဘီလူးချောင်းတစ်ဖက်ကမ်း၌ ငါးမျှားနေသော မှုံ့ပြာကျေးရွာနေ ဦးဆန်းဦး အသက် (၄၅)နှစ်က တွေ့မြင်ပြီး လာရောက်ကယ်ဆယ်သဖြင့် မနိုရင်းကိုသာ ကယ်ဆယ်လိုက်နိုင်ပြီး ကျန်သုံးဦးမှာ ရေထဲနစ်မြုပ်သွားကြောင်း သိရှိရသည်။ **ကြီးမြင့်နိုင်(လွိုင်ကော်)**

ရပ်ထားသော ထော်လာဂျီကို ဆိုင်ကယ်ဝင်တိုက် နှစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

ဓာတ်ဆီထည့်ရန် ရပ်ထားသော ထော်လာဂျီကို သုံးယောက်စီးလာသော ဆိုင်ကယ်က နောက်မှ အရှိန်ပြင်းစွာ ဝင်ရောက်တိုက်မိရာ နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်း သိရှိရသည်။

အရေးယူဆောင်ရွက်

ဖြစ်စဉ်မှာ မေ ၂၃ ရက် ညနေ ၇ နာရီခွဲက ၂ယ/--- ကမ်ဘို အနက်ရောင် ဆိုင်ကယ်ကို စိန်ပွင့် အသက် (၂၂) နှစ် မောင်းနှင်ပြီး နောက်တွင် ဇော်ထက် အသက် (၁၅) နှစ်နှင့် မင်းဇော် အသက် (၁၈) နှစ်တို့ တင်ဆောင်၍ မုံရွာ ရေစကြို ကားလမ်းအတိုင်း မုံရွာဘက်မှ ရေစကြိုသို့ (အနောက်မှ အရှေ့) မောင်းနှင်လာစဉ် မိုင်တိုင်အမှတ် (၂၆) အနီးအရောက်တွင် ဓာတ်ဆီထည့်ရန် ရပ်ထားသော ထော်လာဂျီကို အရှိန်ပြင်းစွာ ဝင်ရောက်တိုက်မိရာ စိန်ပွင့်နှင့်ဇော်ထက်မှာ ရရှိသော ဒဏ်ရာများဖြင့် နေရာတွင် သေဆုံးသွားခဲ့သည်။ မင်းဇော်မှာ ဒဏ်ရာရရှိပြီး ယာဉ်တိုက်မှုနှင့် ပတ်သက်၍ ရေစကြိုမြို့နယ် ရဲစခန်းမှ အရေးယူထားရှိကြောင်း သိရှိရသည်။ (၃၇၄)

ရွှေထုတ်လုပ်မှုလုပ်ငန်း၊ လုပ်ကိုင်သည့် ကုမ္ပဏီများအတွက် သတိပေးကြော်ငြာချက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ရွှေသတ္တုအသေးစား ထုတ်လုပ်မှုလုပ်ငန်းအား စာချုပ်ချုပ်ဆို လုပ်ကိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွှေသတ္တုအသေးစားတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ နှစ်အလိုက် လုပ်ငန်းစာချုပ်ပါ သဘောတူညီချက်များအတိုင်း နိုင်ငံတော်သို့ပေးသွင်းရမည့် (၁၄)ပဲရည်နှင့်အထက် ရွှေစင်သတ္တုများ သတ်မှတ်ချက်အတိုင်း ပေးသွင်းရမည်ထက် လျော့နည်းပေးသွင်းခြင်း၊ လုံးဝပေးသွင်းမှု မရှိခြင်းတို့ကြောင့် နိုင်ငံတော်သို့ရွှေစင်သတ္တုများပေးသွင်းရန် ကျန်ရှိနေကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အကြောင်းကြားခဲ့ပါသည်။ အလားတူ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းစာချုပ်ပါ သဘောတူညီချက်များအတိုင်း နိုင်ငံတော်သို့ ပေးသွင်းရမည့်(၁၆) ပဲရည် ရွှေစင်သတ္တုများကို ပေးသွင်းရန် အချို့သောကုမ္ပဏီများမှ ကျန်ရှိနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၂။ ကုမ္ပဏီများအနေဖြင့် အထက်ပါ ဘဏ္ဍာရေးနှစ်များအတွင်း လုပ်ငန်းသဘောတူစာချုပ်ပါ သတ်မှတ်ထားသည့် ရွှေစင်သတ္တုများ အပြည့်အဝပေးသွင်းရန် တာဝန်ရှိသည့်အလျောက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အထွေထွေမန်နေဂျာရုံးနှင့် တာဝန်ခံရုံးများမှ အကြိမ်ကြိမ်နှိုးဆော်အကြောင်းကြားခဲ့သော်လည်း ကုမ္ပဏီများမှ နိုင်ငံတော်သို့ပေးသွင်းရမည့် ရွှေစင်သတ္တုများအား ၁၈-၅-၂၀၁၂ရက်အထိ ပေးသွင်းခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၄-၅-၂၀၁၂ ရက်မှ ၃၀-၅-၂၀၁၂ ရက်အတွင်း အောက်ပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုမ္ပဏီများသည် ပေးသွင်းရန်ကျန်ရှိသည့် ရွှေစင်သတ္တုများအား အပြီးပေးသွင်းသွားရန်နှင့် ပေးသွင်းခြင်းမရှိပါက တည်ဆဲတရားဥပဒေများ၊ လုပ်ငန်းစာချုပ်တွင် ပါရှိသည့် စည်းကမ်းသတ်မှတ်ချက်များအတိုင်း အရေးယူ ဆောင်ရွက်သွားမည့်အပြင် သက်ဆိုင်ရာ ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များအား အမည်ပျက်စာရင်း (Black List) ကြေညာသွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

ကချင်ပြည်နယ်

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ကံကောင်းသောပဒုမ္မာ	ဦးလှထူး	၂၈.၅၀
၂	ကမ္ဘာ့ခြေလှမ်း	ဦးဘောက်ဆိုင်း	၂၀.၀၀
၃	ကြယ်ဝါ	ဦးဂျာဂွန်း	၃၄.၅၀
၄	ကျောက်စိမ်းဘုရင်	ဒေါ်ဂျာဘူး	၁၃.၃၈
၅	ကောင်းမြတ်ပြည့်စုံ	ဦးဇော်လိ	၁၉.၃၈
၆	ခင်ရတနာအောင်	ဦးဝင်းမြင့်ဆွေ	၂၃၉.၆၉
၇	ခရုအိမ်	ဒေါ်ယိမ်းနမ်	၄၂.၅၀
၈	ချမ်းမြေ့	ဦးကျော်စိုး	၄၁.၂၅
၉	ဂျာရုဂေါင်း	ဦးချန်ခေါ	၂၈.၇၅
၁၀	ဂျိတ်လင်း	ဦးရွက်ဇော်ခေါင်း	၂၃၀.၈၁
၁၁	စဉ်ကြိုင်	ဒေါ်ခေါင်းနော်	၂၁.၂၅
၁၂	စိုပြေအောင်	ဦးရုံစိန်	၃၀.၆၃
၁၃	စိမ်းမြတ်မွန်	ဦးစိုးနိုင်	၁၅.၉၄
၁၄	ဆွေရတနာ	ဒေါ်လှဲ့လှဲ့ဆွေ	၉၂.၈၁
၁၅	ဇေယျာလှိုင်	ဦးတင်ဝင်း	၅၄.၃၈
၁၆	တွယ်ဆန်	ဦးဇော်ဝင်း(ခ)ဦးပဲအောင်	၃၅.၃၁
၁၇	တိမ်နဂါးနှစ်ကောင်	ဦးချင်းဖာ	၇၉.၁၃
၁၈	ထက်ကောင်းကျော်	ဦးယဉ်ထွေး	၂၂၄.၇၅
၁၉	ထွန်းတင့်ရွှေဝါ	ဦးတင်ဦးမောင်	၂၀.၆၃
၂၀	ထက်ဝေဖြိုး	ဦးအောင်လ	၃၂.၈၁
၂၁	ထွန်းလှဲ့ခိုင်	ဦးတင်မောင်ညွန့်	၂၃.၄၄
၂၂	ထွန်းထွန်းအောင်	ဦးအောင်နိုင်ဦး	၂၈.၁၃
၂၃	ထင်ပေါ်ကျော်ကြား	ဦးထွန်းလင်း	၁၄၇.၄၄
၂၄	နမ့်နာစံပြ	ဦးနေလင်းဦး	၄၀.၀၀
၂၅	နော့သင်းစတား	ဦးမြင့်သိန်း	၃၃.၂၈
၂၆	ပင်လယ်နေကြယ်	ဦးခမိုင်မုံဂမ်း	၃၃၀.၆၃
၂၇	ပန်းမြတ်မာလာ	ဒေါ်ခေါ်မိုင်	၄၉.၅၆
၂၈	ဖြိုးဝေသီရိ	ဦးတင့်ဆွေ	၉၆.၁၃
၂၉	မြောက်ပိုင်းသရဖူ	ဦးမိုးကျော်သူဆွေ	၂၅.၇၅
၃၀	မြန်မာနွယ်ဝင်း	ဦးဝင်းနိုင်	၄၀.၉၄
၃၁	မြန်မာအောင်မိုးဟိန်း	ဦးအောင်လှ	၁၅.၀၀
၃၂	မြောက်ပိုင်းတော်ဝင်မြေ	ဦးပါးရိုင်အောင်	၂၁.၇၅
၃၃	မြန်မာမိုးသောက်ကြယ်	ဦးတူးဂျာ	၁၄.၀၉
၃၄	မိုးသောက်ကြယ်မင်း	ဦးအောင်အောင်ဦး	၁၈.၄၄
၃၅	မြန်မာရွှေရတနာဟိန်း	ဦးမျိုးခင်	၉.၃၈
၃၆	မြန်မာကံ့ကော်	ဒေါ်အေးအေးဝင်း	၅၉.၁၉
၃၇	မြန်မာရွှေရတနာ	ဒေါ်ထူးရော်	၉၃.၀၀
၃၈	မိုးသောက်ကြယ်သစ်	ဦးခွန်စည်သူသွင်	၃၂.၈၁
၃၉	မြကိုးသွယ်	ဒေါ်ဟေမာ	၃၁.၅၀
၄၀	မြန်မာစံတော်ဝင်	ဦးသန်းနိုင်	၁၁၄.၃၁
၄၁	မင်းသိန်းကြီး	ဦးမောင်အေး	၂၄.၃၈
၄၂	မင်းမင်းမော်	ဒေါ်စန်းမြင့်မော်	၄၆.၅၀
၄၃	မနောရတနာ	ဦးမြင့်ဇော်	၃၄.၆၉
၄၄	ရွှေပစ်မှတ်	ဦးဖုန်းကျော်စိုး	၅၁.၉၆
၄၅	ရွှေပြည့်ဖြိုး	ဦးစက်မောင်	၂၆.၂၅
၄၆	ရွှေချစ်သူ	ဦးအေးသောင်း	၃၆.၈၁
၄၇	ရွှေခြူးသံသာ	ဦးငွားဝ	၈၀.၇၂
၄၈	ရွှေအောင်မိုင်	ဦးအောင်တူး	၁၈၁.၉၁
၄၉	ရွှေထူး	ဦးငွေး	၃၂.၈၁
၅၀	ရှင်ဗွေယန်တိုးတက်ရေး	ဦးဇော်ထွန်းအောင်	၁၂၃.၃၄
၅၁	ရွှေရတနာစိုး	ဦးစိုးမြင့်ထွန်း	၂၆.၂၅
၅၂	ရတနာဂုဏ်ဆောင်သုံးပန်လှ	ဦးကျော်ကိုကို	၇.၅၀
၅၃	ရွှေရတနာရွှေ	ဦးဉာဏ်လင်းထွန်း	၃၉.၀၆
၅၄	ရတနာလယ်မြေ	ဦးအောင်ကျော်မြင့်	၇.၅၀
၅၅	ရွှေရာသီ	ဦးကျော်ငွေး	၁၀၄.၅၀
၅၆	ရွှေတီထိုက်	ဦးဇော်မင်းထိုက်	၁၈.၇၅
၅၇	ရွှေဝင်းထက်	ဦးသက်နိုင်ကို	၇၀.၆၃
၅၈	ရွှေလရိပ်	ဦးကျော်ကိုကို	၁.၈၈
၅၉	ရွှေသိုက်စံ	ဒေါ်သီရိပြည့်	၃၂.၅၀
၆၀	ရှင်းသန့်ချမ်းသာ	ဦးခင်မောင်	၃၂.၁၃
၆၁	ရွှေပါရမီ	ဦးစောအေးချမ်း	၁၇.၃၈
၆၂	ရွှေခိုဝိုင်း	နန့်ဆီဆိုင်လုမိုင်	၂၂.၅၀
၆၃	ရွှေပြည်စကြာ	ဒေါ်စောစန္ဒာမြင့်	၁၉.၆၉
၆၄	ရွှေသပြေအောင်	ဦးမိုးခိုင်	၂၅.၄၄
၆၅	ရက္ခမူ	ဒေါ်အေးမြအောင်	၁၁.၀၀
၆၆	ရွှေဝန်ပေါင်	ဒေါ်တောင်နွယ်	၁၅.၃၁
၆၇	ရွှေဝင်းဝါရွှေ	ဦးတင်ငွေး	၇.၅၀
၆၈	ရွှေဟွ	ဦးချစ်ကို	၂၂.၅၀
၆၉	ရွှေလင်းမာ	ဦးစိုင်းခမ်းလိတ်	၃၃.၃၈
၇၀	ရွှေနှင်းမှုံ	ဦးဇော်စိုင်း	၉.၃၈
၇၁	ရွှေတိုက်စိုး	ဦးအောင်ဇော်မိုး	၉.၈၈
၇၂	ရွှေဇမ္ဗူ	ဦးအောင်လွန်းမောင်	၁.၈၈
၇၃	ရတနာဆုံမှတ်	ဦးစိုင်းကျော်ဝင်း	၅၀.၂၅
၇၄	ရွှေသိဒ္ဓိရှင်	ဦးထွန်းထွန်းလွင်	၁၆.၀၀
၇၅	ရွှေဆည်တော်ဝင်	ဒေါ်စီစီမြင့်	၂၈.၁၀
၇၆	ရောင်ခြည်နဂါး	ဦးအိုက်စန်း	၄၁.၈၈
၇၇	ရွှေတာပိန်	ဦးဉာဏ်သိမ်း	၁၆၆.၂၆
၇၈	ရွှေအသစ်စတင်ချိန်	ဦးမြင့်လွင်	၂၆.၆၆
၇၉	ရွှေမြနန္ဒာ	ဦးနိုင်နိုင်ဦး	၂၂.၃၉
၈၀	ရွှေပင်လယ်နတ်သမီး	ဒေါ်မြတ်မြတ်ဆင့်	၂၅.၃၁
၈၁	ရာနှုန်းပြည့်	ဦးတင်ငွေး	၅၂၄.၃၈
၈၂	ရွှေကဝါး	ဦးဆန်းကို	၃.၀၀
၈၃	လက်ရွေးစင်	ဦးယဉ်ကြားသိန်း	၃၉.၈၈
၈၄	လာဘ်မိုးလျှံ	ဦးအေးခိုင်	၁၅.၆၃
၈၅	လေးကျွန်းအောင်လံ	ဦးနေဖြိုးဟန်	၇၁.၇၅
၈၆	ဝေမြင့်စံသာ	ဦးမောင်မောင်မြင့်ဝင်း	၇၂.၃၄
၈၇	ဝင်းအိ	ဒေါ်မာလာဝင်း	၇.၅၀
၈၈	သမုဒ္ဒရာနတ်သမီး	ဦးနေမျိုး	၉၅.၆၃
၈၉	သိန်းထက်လျှံ	ဦးကျော်လင်းနိုင်	၁၀၇.၅၀
၉၀	သတ္တုစိမ်း	ဦးဇော်ဝင်းထွဋ်	၇၃.၁၃
၉၁	သိန်းသန်းသူ	ဦးခင်ဇော်လင်း	၃၄.၇၅
၉၂	ဟိန်းနိုင်စိုး	ဦးချစ်ကို	၁၀၁.၈၁
၉၃	အောင်မြင်ကံကောင်း	ဒေါ်သူသူငြိမ်း	၃၅.၂၅
၉၄	အစိမ်းရောင်နယ်မြေ	ဦးသန့်ကျော်ဇင်	၆၂.၇၅
၉၅	အမေ့ကျေးဇူး	ဒေါ်ဂျာစန်းခွမ်း	၇၅.၁၃
၉၆	အဏ္ဏဝါရွှေစင်	ဦးအေးချို	၃၀.၀၀
၉၇	အံ့ဖွယ်ကမ္ဘာ	ဦးခွန်စည်သူသွင်	၂၆.၂၅
၉၈	အားလက်ရုံး	ဒေါ်ခင်အိအိထွန်း	၁၈.၇၅
၉၉	အောင်သစ်လွင်	ဦးမြင့်ဇော်	၄၅.၆၃
၁၀၀	အောင်ငွေဦး	ဦးသက်နိုင်ဝင်း	၈.၀၀
၁၀၁	အောင်ပွဲဝင်	ဦးလင်းထူး	၈၁.၂၅
၁၀၂	အောင်ဟိန်းရှိန်ဖြိုး	ဦးမျိုးမြင့်ဦး	၉၆.၈၈
၁၀၃	အောင်မြင့်စံ	ဦးအောင်ဆန်းမြင့်	၅၀.၃၁
၁၀၄	အောင်မြင်သူ	ဒေါ်သွယ်သွယ်ငြိမ်း	၄၆.၈၈
	စုစုပေါင်း		၅၈၀၈.၂၇

ကရင်ပြည်နယ်

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ကျော်လွှမ်းမိုး	ဦးကျော်လွှမ်းမိုး	၄၀၂.၅၀
၂	စံပြရွှေ	ဦးဆွေလင်း	၁၉၅.၀၀
၃	မြတ်အိန္ဒြေ	ဒေါ်နန်းနုနုထွေး	၁၁၅၃.၈၁
၄	ယူနိုက်တက် KMK	ဦးခင်မောင်ကျော်	၂၉၂.၅၀
၅	ရွှေကျင်သား	ဦးမြမောင်	၂၂.၅၀
၆	ရတနာမင်း	ဦးနိုင်လင်းထွန်း	၃၂.၅၀
၇	ရာစုနှစ်တောက်ပသောရွှေ	ဦးကျော်သူရ	၃၂.၅၀
၈	အေးကိုမိသားစု	ဦးအေးကို	၆၅၀.၀၀
၉	ဥဒါန်းသစ်	ဒေါ်အိန္ဒြေမြတ်သူ	၃၁၀.၀၀
	စုစုပေါင်း		၃၀၉၁.၃၁

စစ်ကိုင်းတိုင်းဒေသကြီး

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	(၁၁)ခုမြောက်ကြယ်	ဦးစိုးလွင်	၃၉.၂၈
၂	ကဝိမွန်	ဦးလှသွင်	၂၁.၂၁
၃	ကံကောင်းခြင်းထာဝရအားမာန်	ဒေါ်ယမင်းကေခိုင်	၁၇၉.၃၈
၄	ကဥ္စနဒေဝီ	ဦးတင်နွယ်	၆၀.၅၅
၅	ကံကောင်းသောအရှေ့	ဦးရင်ရီဘော	၈၁.၆၆
၆	ခုနှစ်နှစ်ခုနှစ်	ဦးတင်ရွှေ	၁၉.၁၄
၇	ခိုင်ရွှေငြိမ်းအေး	ဦးမောင်ခိုင်	၁၀.၇၂
၈	စွမ်းထက်ဝင်း	ဦးအောင်ဆန်းဝင်း	၁၃.၃၈
၉	စိန်ထက်ဝင်း	ဦးငွေးလွင်	၅၂.၆၅
၁၀	စိုးထက်ဝေ	ဦးစိုးနိုင်	၄၅.၄၃
၁၁	စိန်မြလွင်	ဦးစက်လွင်	၄၂၆.၃၃
၁၂	စံရွှေပြည်	ဦးမင်းဇော်	၆၁.၈၂
၁၃	စိမ်းရွှေဝါနဒီ	ဦးဝင်းကျော်	၂၅၀.၉၁
၁၄	စိန်ရွှေဖြူ	ဦးထွန်းထွန်းအောင်	၁၂၈.၈၈
၁၅	စိန်မိုးငွေး	ဦးညိုဆောင်	၇.၅၀
၁၆	ငွေးဝင်းထွန်း	ဦးတင်စိုး	၂၆၈.၂၇
၁၇	ဌာနေအောင်	ဦးမောင်မောင်တိုး	၁၄၂.၅၆
၁၈	ထွန်းရန်နိုင်	ဦးရန်နိုင်	၃၅.၆၄
၁၉	နှင်းရောင်မြေ	ဦးယဉ်ကျော်	၁၇.၉၄
၂၀	ပိုင်စိုးခန့်	ဦးစိန်ဝင်း	၁၆.၀၇
၂၁	ပင်လယ်နေကြယ်	ဦးခမိုင်မုံဂွမ်း	၅၁.၀၅
၂၂	ပြည်တန်ရတနာ	ဦးနိုင်အောင်လင်း	၄၅.၃၈
၂၃	ပန်းမြတ်မာလာ	ဒေါ်ခေါ်မိုင်	၃၂.၆၃
၂၄	ဖြူဝါရောင်ရွှေ	ဦးမြင့်သိန်း	၈၉.၄၇
၂၅	ဗိုလ်သိုင်းနှင့်ညီများ	ဦးသိုင်းဝင်း	၁၀.၈၉
၂၆	ဘူးဂါး	ဒေါက်တာလဂျာ	၁၂၉.၉၈
၂၇	မင်းဝင်းစိုး	ဦးမင်းစိုး	၁၄၄.၆၀
၂၈	မြန်မာစီးပွားဆက်	ဒေါ်စန်းသီတာစိုး	၄၅.၄၅
၂၉	မန္တလေးမိုင်းနင်း	ဦးရှိန်းထက်နောင်	၃၃၅.၁၃
၃၀	မြန်မာရှမ်းကျီလုံ	ဦးအားခမ်း	၁၁.၂၅
၃၁	မူးမြစ်ဖျား	ဦးထိန်ဝင်း	၃၁.၇၂
၃၂	မိုးဟိန်းထွန်း	ဦးငွေးဝင်း	၄၇.၀၇
၃၃	မြန်မာရွှေတံခါး	ဦးစန်းဝင်း	၂၈.၂၃
၃၄	မြန်မာရွှေသင်္ဂီ	ဦးကျင်မောင်	၂၈.၃၂
၃၅	မြန်မာမိုးသောက်ကြယ်	ဦးတူးဂျာ	၁၇.၆၃
၃၆	မိုးကြိုးခြသေ့်	ဦးကျော်သူရ	၁၀၁.၀၂
၃၇	မြန်မာထိပ်တန်းရွှေ	ဦးမျိုးထွန်း	၇၅.၀၀
၃၈	မြင့်မြတ်သော တွင်းထွက်ကမ္ဘာ	ဦးဇေယျ	၅၁.၉၆
၃၉	မြန်မာရွှေဝါ	ဒေါ်ခရေမွှန်	၄.၀၀
၄၀	ရောင်ခြည်နဂါး	ဦးအိုက်စန်း	၃၈.၉၅
၄၁	ရှမ်းကတူး	ဦးစန်းလွင်	၃၉၆.၁၆
၄၂	ရတနာချင်းတွင်း	ဦးသိန်းအောင်	၄၂၇.၃၂
၄၃	ရွှေမဲဇာ	ဦးဝင်းအောင်	၃၁.၂၇

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၄၄	ရွှေစန္ဒီ	ဒေါ်စောကလျာ	၃.၂၈
၄၅	ရွှေတော်	ဦးခင်မောင်သန်း	၂၁.၄၃
၄၆	ရွှေပြည့်လျှံ	ဦးဇော်ဝင်းမောင်	၃၇.၂၉
၄၇	ရွှေစင်ကမ္ဘာ	ဦးဇော်တောင်	၂၆.၇၂
၄၈	ရှင်းသန့်အောင်မြင်	ဦးသက်တင်	၁၁၆.၁၅
၄၉	ရွှေမြနန္ဒာ	ဦးနိုင်နိုင်ဦး	၁၄၁.၅၅
၅၀	ရွှေဝတီ	ဦးခင်မောင်ဆွေ	၆၈၆.၈၃
၅၁	ရွှေစင်မိုး	ဒေါ်သိန်းဝင်း	၃၆၉.၂၃
၅၂	ရွှေစေတီဆိပ်	ဦးသောင်းတန်	၂၆၂.၇၆
၅၃	ရွှေနန့်သာအောင်	ဦးဖေမြင့်	၁၄၁.၇၈
၅၄	ရွှေပြည်စံအောင်	ဦးစံလှမောင်	၁၂.၄၄
၅၅	ရွှေကျော်ထွန်း	ဦးလှမြင့်	၁၄.၂၃
၅၆	ရွှေငုဝါရွှေ	ဒေါ်ရင်သောင်း	၆၁.၅၉
၅၇	ရွှေဝင်းထွန်းအောင်	ဦးနေဝင်းအောင်	၁၉၃.၂၃
၅၈	ရွှေတောင်ကြား	ဦးကျော်သူရ	၅၈.၂၄
၅၉	ရွှေစင်ဟိန်း	ဒေါ်ဖွေးအိမွန်	၆၄.၅၃
၆၀	ရွှေတက်ရောင်	ဦးကျော်ဝင်းထူး	၂၉.၂၆
၆၁	ရွှေလက်ပံသာ	ဦးရန်ခိုလွန်း	၁၇၂.၄၄
၆၂	ရွှေချင်းတွင်း	ဒေါ်စိုးယုဝေ	၁၀၅.၇၁
၆၃	ရွှေသပြေမိုး	ဦးထွန်းကြည်	၂၉.၃၃
၆၄	ရွှေတိုးတက်အောင်	ဒေါ်အေးအေးသန်း	၁၉.၁၆
၆၅	ရွှေဆွေထွန်း	ဦးထွန်းစီ	၄၉.၀၆
၆၆	ရွှေကျော်မိုး	ဦးကျော်ညွန့်	၁၉.၆၁
၆၇	ရွှေစပါး	ဦးရှင်ဖူး	၁၄၂.၃၉
၆၈	ရွှေစိမ်းမြ	ဦးချိန်းဟိုင်း	၁၂၅.၄၅
၆၉	ရွှေသံတောင်မြောက်ပိုင်း	ဦးကိုကြီး	၈၁.၇၂
၇၀	ရွှေသမာဓိ	ဦးကျော်သူ	၄၃.၃၁
၇၁	ရွှေဝင်းဝင်းထွန်း	ဦးစိန်ဝင်းမောင်	၆.၇၅
၇၂	ရွှေတက်ဟိန်း	ဦးမရမ်ဂန်	၁၀၆.၃၅
၇၃	ရွှေထိပ်ပန်	ဦးငွေးလွင်	၄၈.၇၅
၇၄	ရွှေတိုး	ဒေါ်နန်းလု	၁၅.၅၀
၇၅	ရွှေရောင်ကောင်းသောမိတ်ဆွေ	ဦးကျော်စိုး	၁၄၄.၈၄
၇၆	ရတနာလယ်မြေ	ဦးအောင်ကျော်မြင့်	၁၀၈.၈၄
၇၇	ရွှေတာပိန်	ဦးဘဏ်သိန်း	၄၁.၉၈
၇၈	ရွှေပွား	ဦးအိုက်ရီ	၉၃.၄၉
၇၉	ရွှေဥက္ကာပုံ	ဦးဇော်မင်းထွန်း	၇၃.၆၇
၈၀	ရွှေအုပ်စိုး	ဦးသန်းထွဋ်	၅၄.၇၈
၈၁	ရွှေဝင့်ဝါအောင်	ဦးနိုင်ဦး	၈၁.၉၈
၈၂	ရွှေနွဲ့ခမ်း	ဦးအောင်မြင့်	၂၉.၄၄
၈၃	ရွှေမင်းကြီး	ဦးထန်းဖေ	၆၇.၆၁
၈၄	ရွှေမြရိပ်	ဒေါ်စုစုလှိုင်	၁၁၀.၉၃
၈၅	ရွှေငွေးဇမာ	ဦးဝေလွင်ကျော်	၁၄၃.၈၈
၈၆	လင်းလှဲ့စိမ်း	ဦးစိုးနိုင်	၁၅၂.၆၁
၈၇	လင်းဖြိုး	ဦးစိုင်းအောင်မြ	၃.၇၅
၈၈	ဝင်းဝါရွှေစင်	ဦးမြင့်ရောင်	၁၇၆.၇၅
၈၉	ဝင်းဧရာဝတီ	ဦးလှတောင်	၁၈၃.၈၁
၉၀	ဝင်းနှင့်ပြည့်ဖြိုး	ဦးခင်ကျော်	၁၈၀.၉၇
၉၁	ဝီရိယစက်မှု	ဦးဇော်ဝင်းသိန်း	၅၅.၂၀
၉၂	ဝိုင်းမြင့်မြတ်	ဦးမြင့်ဝိုင်း	၄၉.၁၇
၉၃	သတ္တုစိမ်း	ဦးဇော်ဝင်းထွဋ်	၁၃၀.၉၃
၉၄	သလ္လာရွှေစင်	ဦးအောင်သိန်းမြင့်	၂၀၀.၂၀
၉၅	သုဝဏ္ဏရာဇာ	ဦးနု	၃၉.၇၄
၉၆	သီဂီရွှေစင်	ဦးအောင်သိန်းမြင့်	၃၆.၂၃
၉၇	သန်းထိုက်လူ	ဦးစန်းဝင်း	၄၂.၃၅
၉၈	သစ္စာမြေ	ဦးဟန်ဝင်းနိုင်	၁၁.၂၅
၉၉	သာလွန်	ဦးသန်းငွေ	၅၈.၂၈
၁၀၀	သီဟသန့်ဟိန်း	ဦးဘိုဘိုကျော်	၂၂.၅၀
၁၀၁	သံမဏိသခင်	ဦးလင်းထင်	၂၉.၀၀
၁၀၂	သီရိအောင်လှိုင်	ဦးသိန်းထွန်းအောင်	၁၀၆.၂၄
၁၀၃	ဟိန်းနိုင်စိုး	ဦးချစ်ကို	၁၀၉.၀၃
၁၀၄	ဟိန်းရာဇာ	ဦးတင်မောင်ဆွေ	၁၁၀.၀၅
၁၀၅	အေးအေးခိုင်	ဦးစိုးနိုင်	၂၅၃.၉၉
၁၀၆	အုံ့ဖွယ်ကမ္ဘာ	ဦးခွန်စည်သူသွင်	၁၁၅.၈၆
၁၀၇	အောင်ဇေယျတင်ထွန်း	ဦးခင်မောင်ဝင်း	၃၄.၀၈
၁၀၈	အောင်မြင့်စံ	ဦးအောင်ဆန်းမြင့်	၁၂၉.၄၉
၁၀၉	အောင်သုခလင်း	ဦးဝင်းထက်အောင်	၅၃.၄၀
၁၁၀	အောင်ဖူးပွင့်	ဦးအဲချို(ခ)အောင်သန်းမြင့်	၅၂.၄၂
၁၁၁	အောင်ဇမ္ဗူရာဇ်	ဦးမောင်မောင်လေး	၃၆.၀၀
၁၁၂	အကောင်းဆုံးရွှေ	ဦးသန်းမောင်	၃၀.၄၆
၁၁၃	အာရှအဆင့်မြင့်	ဦးစစ်သွေးမွန်	၆၀.၀၀
၁၁၄	ဧရာဝတီမြစ်ဖျား	ဦးချမ်လန်	၁၀၇.၁၆
၁၁၅	ဧရာရွှေဝါ	ဒေါ်ခင်နှင်းသန္တာ	၂၀.၆၃
	စုစုပေါင်း		**၁၀၈၀၂.၈၃**

တနင်္သာရီတိုင်းဒေသကြီး

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ရွှေစင်တောင်	ဦးကျော်လွင်	၁၅.၈၃
၂	ရွှေဘုန်းသစ်	ဦးတင်ဇော်လင်း	၄၈.၈၃
	စုစုပေါင်း		**၆၄.၆၆**

ပဲခူးတိုင်းဒေသကြီး

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ခမ်းဝါ	ဒေါ်ရီရီ	၅၅.၁၃
၂	တော်ဝင်ပါရမီ	ဦးသန်းထွဋ်	၁၀.၀၀
၃	မြတ်အိန္ဒြေ	ဒေါ်နန်းနုနုထွေး	၁၂၀.၀၀
၄	မြစိမ်းရောင်ကျွန်း	ဦးကျော်ချစ်ရှိန်	၆.၀၀
၅	ရွှေကျင်သား	ဦးမြမောင်	၁၁၉.၈၀
၆	အေးမြပြည့်စုံ	ဦးစိန်လှိုင်	၂၉၆.၅၇
၇	အောင်မြင်ချမ်းသာ	ဦးစောဘန်နီချစ်	၆၅.၆၃
	စုစုပေါင်း		**၆၇၃.၁၂**

မန္တလေးတိုင်းဒေသကြီး(စဉ့်ကူးမြို့နယ်)

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	စိန်ငွေးရွှေ	ဦးစိန်မောင်	၄၅.၀၀
၂	စံဝင်းမိသားစု	ဒေါ်ခင်အုန်းမြင့်	၄၅.၀၀
၃	တောနော်ထူး	ဦးစောမောင်မောင်	၄၀.၀၀
၄	နီလာနှင်းဆီ	ဒေါ်ဝင်းကြွယ်ကြွယ်	၂၀၂.၅၀
၅	မေတ္တာရှင်	ဦးအောင်ကျော်ဝင်း	၃၅.၆၃
၆	ရွှေစစ်သည်	ဦးထွန်းမောင်	၁၀.၃၀
၇	ရွှေကျားမင်း	ဦးဝင်းထိန်	၁၈.၆၉
၈	ရတနာလယ်မြေ	ဦးအောင်ကျော်မြင့်	၃၄၆.၉၂
၉	ရွှေစံပယ်ဦး	ဒေါ်ရင်ရင်ရွှေ	၄၀.၈၆
၁၀	ရာသက်စံ	ဦးခင်ဇော်	၄၅.၀၀
၁၁	ရွှေပြည့်အိမ်	ဦးအောင်ဇင်ဖြိုး	၄၇.၉၆
၁၂	ရွှေဝင်းနိုင်	ဦးသိန်းနိုင်	၅.၆၃
၁၃	သီဂီအောင်	ဦးဖုန်းညွန့်	၃၈.၉၁
၁၄	အရှေ့တိုင်းသား	ဦးသန်းနိုင်	၁၃၁.၂၇
၁၅	Silver Wave	ဦးမင်းမင်းအောင်	၂၉.၉၈
	စုစုပေါင်း		**၁၀၈၃.၆၅**

မန္တလေးတိုင်းဒေသကြီး(ရမည်းသင်းမြို့နယ်)

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ကြယ်ငါးပွင့်	ဦးအိုက်ကျော်	၉၁.၇၆
၂	ကောင်းစက်မှုလက်မှု	ဦးစိုးဦးထိုက်	၆၈.၈၅
၃	ဂျူလိုင်မိုး	ဦးအောင်မျိုးဝင်း	၄၀.၄၃
၄	စူးစမ်းလေ့လာ	ဦးအူမာဖာရွှတ်	၃၀.၆၃
၅	စိန်ထီးနန်း	ဦးထွန်းထွန်းဦး	၂၂.၈၈
၆	ဇေယျာလှိုင်	ဦးတင်ဝင်း	၉၇.၅၀
၇	တော်ဝင်ခနေ	ဦးမျိုးမြင့်	၈၆.၇၂
၈	နေရွှေငွေ	ဦးကျော်လွင်	၁.၈၈
၉	ပန်းမြတ်ရာဇာ	ဒေါ်ခင်မာလွင်	၉၀.၅၀
၁၀	ပန်းပွင့်	ဦးဝင်းကြည်	၁၀၅.၉၄
၁၁	မြကျွန်းညိုညို	ဦးကျော်ချစ်ရှိန်	၂၆.၂၅
၁၂	ရွှေရောင်ကောင်းကင်	ဦးမင်းကျော်အောင်	၅၃.၁၃
၁၃	ရွှေ ၂၁ရာစု	ဒေါ်အေးအေးဝင်း	၄၆.၄၁
၁၄	ရာမညအင်တာနေရှင်နယ်	ဦးနိုင်လရီကောင်း	၆၀.၄၇
၁၅	ရွှေရအောင်ပြည့်	ဦးဆန်းဝင်း	၃၅.၃၁
၁၆	ဝင်းမြိုင်	ဦးဝင်းမြိုင်	၂၅.၈၈
၁၇	သိဒ္ဓိရွှေစင်	ဒေါ်ကြည်ကြည်ဝင်း	၄၇.၃၄
၁၈	အေးငြိမ်းမွန်	ဦးမြင့်ဝင်း	၉၂.၃၄
၁၉	အောင်နေလ	ဦးမြင့်သိန်း	၃၄.၆၉
၂၀	အမြဲမှန်	ဦးခွန်ယု	၃၅.၆၃
	စုစုပေါင်း		**၁၀၆၀.၃၅**

မန္တလေးတိုင်းဒေသကြီး(သပိတ်ကျင်းမြို့နယ်)

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ချိုရဲ	ဦးအေးကျန်	၃၈.၈၁
၂	ဂိုလ်းဝင်းနား	ဦးကျော်စိုး	၁၁.၁၃
၃	စိန်ထီးနန်း	ဦးထွန်းထွန်းဦး	၆၇.၃၈
၄	စိန်ဝါလင်း	ဦးစံလှ	၂၁.၅၇
၅	စိမ်းရတနာ	ဦးအေးကျန်	၁၆.၈၈
၆	ပြည့်ဖြိုးလင်းခိုင်	ဦးဘိုနီ	၂၆.၀၀
၇	ရွှေမြနန္ဒာ	ဦးနိုင်နိုင်ဦး	၃၄.၅၅
၈	ရွှေသီဟမြန်မာ	ဦးစန်းနိုင်	၁၂.၃၉
၉	ရွှေစိမ်းရောင်	ဦးလောက်စန်း	၅၇.၄၈
၁၀	ရှမ်းရိုးမအေးချမ်းရေး	ဦးစိုင်းမွန်	၇.၇၃
၁၁	ရွှေခြသေ့်	ဦးကျော်တင်ဝင်း	၃.၇၅
၁၂	ဝေယံဦး	ဦးတင်မျိုးနွယ်	၈၂.၅၀
၁၃	ဟောင်တာ	ဦးဟောင်ဝင်းဟုန်(ခ)ဦးဝင်းဟောင်	၂၀.၅၉
၁၄	အောင်ရွှေငါး	ဒေါ်ရှောက်ထောက်	၁၃.၁၃
	စုစုပေါင်း		**၄၁၃.၈၇**

မန္တလေးတိုင်းဒေသကြီး(သာစည်မြို့နယ်)

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ဆန်းလင်း	ဦးမြင့်ဦး	၂၆.၈၈
	စုစုပေါင်း		**၂၆.၈၈**

မွန်ပြည်နယ်

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ပန်းပွင့်	ဦးဝင်းကြည်	၂၂.၅၀
၂	မိုးလွင်	ဒေါ်မိုးမိုးထွန်း	၂၁.၇၇
၃	ရွှေငွေရတနာကမ္ဘာ	ဒေါ်မြင့်မြင့်အေး	၅၆.၂၅
၄	အောင်နေလ	ဦးမြင့်သိန်း	၁၄.၁၈
	စုစုပေါင်း		**၁၁၄.၇၀**

ရှမ်းပြည်နယ်

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ကျဆီး	ဦးကျဆီး	၃၀.၅၀
၂	ခုနစ်ခုသောရာစု	ဦးခွန်စည်သူသွင်	၂၃.၁၃
၃	ထက်ကောင်းကျော်	ဦးယဉ်ထွေး	၂၃.၁၃
၄	ပြည့်ထွန်းရှိန်	ဦးထွန်းရှိန်	၁၉.၀၀
၅	မြန်မာထာဝရတည်တံ့သော	ဦးခွန်စည်သူသွင်	၂၃.၁၃
၆	ရွှေကွဲ	ဦးဇော်ဝင်း	၈၆.၂၅
၇	အောင်စစ်သွေး	ဦးခွန်စည်သူသွင်	၂၃.၁၃
၈	အောင်နိုင်	ဦးဘောစောချိန်	၅၈.၇၅
၉	ASA Mining	ဦးစိုင်းအောင်စိန်	၇၆.၈၈
	စုစုပေါင်း		**၃၆၃.၈၈**

ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသည့် အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူ အဖွဲ့အစည်းများအသင်း ညီလာခံသို့ တက်ရောက်ပြီး လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၅

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင် ဦးစိုးသိန်းတို့သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ Lotte ဟိုတယ်၌ မေ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း ညီလာခံသို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးထွန်းကြည်၊ ဦးခင်ထွန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

တက်ရောက်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုးသည် မေ ၂၀ ရက်တွင် အာရှဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူ အဖွဲ့အစည်းများအသင်း၏ အဖွဲ့ညီလာခံတွင် မိန့်ခွန်းပြောကြားခဲ့သည်။ မေ ၂၂ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ သမ္မတ လီမြောင်ဘတ် တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ပြီး မေ ၂၄ ရက်တွင် ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥက္ကဋ္ဌ LEE, Kang Kook တည်ခင်းဧည့်ခံသော အလုပ်သဘော နေ့လယ်စာစားပွဲသို့ အဖွဲ့ဝင် ဦးစိုးသိန်းနှင့်အတူ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်စစ်သံမှူးများအား လက်ခံတွေ့ဆုံ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် စစ်သံမှူး Colonel Brey R-Sloan နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel William C- Dickey တို့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၅

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်စစ်သံမှူး Colonel Brey R-Sloan နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel William C- Dickey တို့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်သူရသက်ဆွေ၊ စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေး သတင်းထုတ်ပြန်ချက်

၁။ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း လက်အောက်တွင် ဓာတ်အားပေးစက်ရုံ ၂၀ ရုံရှိပြီး စက်ရုံ ၁၈ ရုံမှာ နိုင်ငံပိုင်ဖြစ်ပါသည်။ ၎င်းစက်ရုံ ၁၈ ရုံမှ ထွက်ရှိသော လျှပ်စစ်ဓာတ်အားများအားလုံးကို နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းသို့ ရောင်းချပေးပါသည်။ မည်သည့် အခြားနိုင်ငံကိုမှ ရောင်းချခြင်းမရှိပါ။

၂။ ကျန်စက်ရုံနှစ်ရုံမှာ တရုတ်-မြန်မာ ဖက်စပ်ဆောင်ရွက်ခဲ့သော တာပိန်(၁) ဓာတ်အားပေးစက်ရုံနှင့် ရွှေလီ(၁) ဓာတ်အားပေးစက်ရုံ ဖြစ်ပါသည်။ တာပိန်(၁) ဓာတ်အားပေးစက်ရုံမှာ လုံခြုံရေးအခြေအနေများကြောင့် ၁၄-၆-၂၀၁၁ ရက်ကစပြီး ရပ်ဆိုင်းထားပါသည်။ ဓာတ်အားထုတ်လုပ်ပေးနိုင်ခြင်းမရှိပါ။

၃။ ရွှေလီ(၁)စက်ရုံမှာ စက်တပ်ဆင်အား ၆၀၀ မဂ္ဂါဝပ်ဖြစ်ပြီး ၅၀ ရာခိုင်နှုန်းဖြစ်သော မဂ္ဂါဝပ် ၃၀၀ ကို မြန်မာနိုင်ငံက သုံးစွဲနိုင်ပြီး ကျန်မဂ္ဂါဝပ် ၃၀၀ ကို တရုတ်နိုင်ငံက သုံးစွဲပါသည်။ ထိုသို့သုံးစွဲရာတွင် နှစ်ဖက်စလုံးသို့ ရွှေလီဖက်စပ်ကုမ္ပဏီမှ နှစ်စဉ် ဓာတ်အားထုတ်လုပ်ရောင်းချနိုင်ရေးအတွက် တစ်နှစ်စာ စာချုပ်ချုပ်ဆို ရောင်းချပေးခြင်းဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံမှ သုံးစွဲနိုင်သော မဂ္ဂါဝပ် ၃၀၀ တွင် မူလစက်တပ်ဆင်အား ၆၀၀ မဂ္ဂါဝပ်၏ ၁၅ ရာခိုင်နှုန်းဖြစ်သော ၉၀ မဂ္ဂါဝပ်သည် စာချုပ်အရ အခမဲ့ရရှိသော Loyalty Power ဖြစ်သည်။ ထို့ပြင် စီမံကိန်းတန်ဖိုး၏ ၁၀ ရာခိုင်နှုန်း ရှယ်ယာအပေါ် ရရှိသောအကျိုးအမြတ်ငွေကိုလည်း နိုင်ငံတော်က Loyalty Share အဖြစ် ရရှိပါသည်။ Loyalty Power ဖြစ်သော ၉၀ မဂ္ဂါဝပ်ကို ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ မဟာဓာတ်အားလိုင်းသို့ ၁ ကီလိုဝပ်နာရီလျှင် ငွေကျပ် ၂၀ နှုန်းဖြင့် ရောင်းချပေးပါသည်။ ကျန်ရှိသော မဂ္ဂါဝပ် ၂၁၀ ကို မဟာဓာတ်အားလိုင်းမှ ၎င်းတို့၏ လိုအပ်ချက်အပေါ် မူတည်၍ တစ်နှစ်ချင်းစာချုပ် (Power Purchasing Agreement)ချုပ်ဆို၍ ရွှေလီဖက်စပ်ကုမ္ပဏီမှ ဝယ်ယူပါသည်။ ရွှေလီဖက်စပ်ကုမ္ပဏီမှ လျှပ်စစ်ရောင်းဈေးမှာ မြန်မာဘက်/တရုတ်ဘက် ရောင်းဈေးတန်ဖိုးအတူတူဖြစ်ပြီး ၁ ကီလိုဝပ်နာရီလျှင် တရုတ်ယွမ်ငွေ ၀ ဒသမ ၁၈၉ ယွမ်ဖြစ်၍ မြန်မာကျပ်ငွေဖြင့်ဆိုလျှင် ၂၄ ဒသမ ၆၀ ကျပ်ခန့်ဖြစ်ပါသည်။ **စာမျက်နှာ ၈ ကော်လံ ၅ ▲**

တစ်နာရီ ကီလိုမီတာ ၄၃၀ မောင်းနှင်နိုင်သည့် မြန်နှုန်းမြင့်ရထား တောင်ကိုရီးယား၌ ထုတ်လုပ်

ဆိုးလ် မေ ၂၅

*တောင်ကိုရီးယားနိုင်ငံက တစ်နာရီလျှင် ကီလိုမီတာ ၄၃၀ မောင်းနှင်နိုင်သည့် မျိုးဆက်သစ် မြန်နှုန်းမြင့် ကျည်ဆန်ရထားအမျိုးအစားကို ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း တောင်ကိုရီးယားသိပ္ပံပညာရှင်များက မေ ၂၅ ရက်၌ သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)***

အဆိုပါ မြန်နှုန်းမြင့်ရထားထုတ်လုပ်ရန် ဂျပန်နှင့် ပြင်သစ်နိုင်ငံတို့မှ နည်းပညာများကိုလည်း ပေါင်းစပ်ရယူကာ တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ဟီမူအမည်ရှိ ၎င်းမြန်နှုန်းမြင့် ***စာမျက်နှာ ၉ ကော်လံ ၆ ❐***